မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၁၆)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ

အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတဦးညီစော၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်နှင့် တာဝန်ကိုယ်စီတို့တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့နှင့် ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူးဦးကြည်မြင့်နှင့်

စာမျက်နှာ ၅ ကော်လံ ၁ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့်ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် (၅)ခု၊ မြို့တွင်း လမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ ဟင်္သာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် ၂ ခုနှင့်ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာ၊ ငါးသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် ၂ ခုနှင့် ကျုံပျော်မြို့နယ်တွင် ကျေးရွာ ၆ ရွာ၊ စုစုပေါင်းမြို့ပေါ်ရပ်ကွက် ၉ ခုနှင့်ကျေးရွာ ၁၈၈ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ▲

(၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်ဆောင်းပါး)

လူငယ်ကျန်းမာ အနာဂတ်ချမ်းသာ နောက်ခံမတူကြား ရည်မှန်းတူထား စာ - ၆ သို့

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည် စာ - ၁၀ သို့

(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် ဒေသထွက်ကုန်များ ပါဝင်ခင်းကျင်းပြသသွားမည် စာ - ၁၁ သို့

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၌ ဩဂုတ်လ ၁၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်ဟုခန့်မှန်းရသည်။ **(မိုး/၈လ)**

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၂ ရက်)

ကျန်းမာရေးနှင့်ညီညွတ်သည့် ကျောင်းသား ကျောင်းသူများဖြစ်လာရေး

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးအတွက် **"လူ့အသက်ထက်အရေးကြီးတာဘာမှမရှိ"** ဟူသည့် ဦးတည်ချက်ဖြင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်နှင့်ဖော်ဆောင်ပေးလျက်ရှိသည်။ **"ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်"** ဟူသည့်အတိုင်း ငယ်ရွယ်စဉ်ကလေးဘဝကစပြီး အသက်အရွယ်ကြီးပြင်းလာသည်အထိ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ၊ ကျန်းမာရေးနှင့်ညီညွတ်သည့်အမူအကျင့်များကို ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မိသားစုနှင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ခုဖြစ်အောင် ဖော်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကချမှတ်ထားသော အမျိုးသားကျန်းမာရေးစီမံကိန်းတွင်ပါဝင်သည့် ကျောင်းကျန်းမာရေးစီမံချက်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့် ကျောင်းသားလူငယ်တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေး ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် "ကျောင်းကျန်းမာရေးဗဟိုကော်မတီ" ကို ဖွဲ့စည်းပေးထားပြီးဖြစ်သည်။

ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပြဋ္ဌာန်းထားသည့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များနှင့်အညီဆောင်ရွက်လျက်ရှိသည်။ ရောဂါကာကွယ်ခြင်းသာမက ကျောင်းသားများ၏ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ အာဟာရနှင့် ကျန်းမာသည့်ဘဝနေထိုင်မှုပုံစံကိုပါ မြှင့်တင်ပေးသည့် ဘက်စုံကျောင်းကျန်းမာရေးစနစ်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာရေးအပိုင်းကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ ပိုမိုရရှိစေရေး ကျောင်းသင်ခန်းစာများတွင် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးလျက်ရှိသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသားမိဘများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်းသိရှိပြီး ပူးပေါင်းပါဝင်ပံ့ပိုးပေးကြရန် ရည်ရွယ်ချက်ဖြင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို နှစ်စဉ် ဩဂုတ်လဒုတိယပတ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။ အလားတူ နှစ်စဉ်ဩဂုတ်လဒုတိယပတ်တွင် **"ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်"** ကိုလည်း တစ်ချိန်တည်းဆောင်ရွက်လျက်ရှိသည်။

ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်တို့ကို တစ်ချိန်တည်းဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ကျန်းမာရေးကို စစ်ဆေးပေးနိုင်သည့်အပြင် အရပ်၊ ကိုယ်အလေးချိန်နှင့် အာဟာရဖွံ့ဖြိုးမှုအခြေအနေများကိုပါ တိုင်းတာအကဲဖြတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ၏အာဟာရချို့တဲ့မှု၊ အဝလွန်မှုနှင့်ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများကို စောစီးစွာဖော်ထုတ်နိုင်ပြီး သင့်လျော်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း မိဘ၊ ဆရာများနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းမှန်မှန်တက်ရောက်မှု၊ သင်ယူနိုင်စွမ်းမြင့်မားမှု၊ ပညာရေးတွင်ထူးချွန်မှုစသည်တို့ကို ပိုမိုမြင့်တင်ပေးနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် တိုင်းပြည်အတွက် အဖိုးတန်ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို ရရှိလာစေမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၀ ရက် ကကျင်းပသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနား၌ အမှာစကားပြောကြားစဉ် **"ယနေ့ကျောင်းသားလူငယ်များသည်နောင်အနာဂတ်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူသားအရင်းအမြစ်များဖြစ်ခြင်းကြောင့် ကလေးများ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့်အစားအစာများ စားသုံးတတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ရရှိစွဲမြဲကျင့်သုံးနိုင်စေရန်နှင့် အရက်၊ ဆေးလိပ်၊ Vape နှင့် မူးယစ်ဆေးရောင်းကြဉ်မှုအပါအဝင် ကျန်းမာရေးနှင့် ညီညွတ်သည့်အမူအကျင့်များကို ကျောင်းသားလူငယ်ဘဝကတည်းက သိရှိလိုက်နာကျင့်သုံးအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ်ပါအချက်အလက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးကြရန်နှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း"** ဖြင့်ထည့်သွင်းပြောကြားခဲ့သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ယခုထက်ပိုပြီး ထိရောက်စွာဆောင်ရွက်ကြပြီး ကျန်းမာကြံ့ခိုင်သည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာရေး အလေးထားဆောင်ရွက်ပေးကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

စစ်ကိုင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဝါသီးနှံကော ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

စစ်ကိုင်း ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဝါသီးနှံ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ စစ်ကိုင်းမြို့နယ်တွင် ဝါသီးနှံ ၁၆၈၂၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၄၆၉၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် စစ်ကိုင်းမြို့နယ်မှာ ဝါသီးနှံဧကာ ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ဝါသီးနှံများစိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူများ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးမယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်ကပြောသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်၌ ဝါသီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့်ကန့်ဘလူခရိုင်အတွင်း ရှိမြို့နယ် ၁၉ မြို့နယ်တို့တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(၄၀၉)

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၈-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၂:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၅၀ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ ခုနှစ်၁၅ The Myawady Daily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ဒေါ်နှင်းဝတ်ရည်ဖွေး၊ဒေါ်ဆွေငင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-ဂ၃၉၉၈၊ ဖက်စ် ၀၃၁-ဂ၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-ဂ၄၀၀၆၊ ၀၃၁-ဂ၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-ဂ၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-ဂ၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

တာမွေမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်နှင့်စာအုပ်ပြပွဲအခမ်းအနားကျင်းပ



ရန်ကုန် သြဂုတ် ၁၁

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာပေလေ့လာဖတ်ရှုရာမှတစ်ဆင့် အသိဉာဏ်ပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲအခမ်းအနားကို သြဂုတ်လ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းခရိုင် တာမွေမြို့နယ် အမှတ်(၂၆)အခြေခံပညာမူလတန်းကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုမို့အောင်က စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးရှင်းလင်းဟောပြောသည်။ ထို့နောက် အခြေခံပညာမူလတန်းအဆင့် ကာယ၊ ဉာဏ်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပရာ အမှတ်(၂၆)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ အားပါးတရပါဝင်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် တက်ရောက်လာကြသူများက အခမ်းအနားတွင်ပြသထားသော လူငယ်ရေးရာဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားသို့ တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တာမွေမြို့နယ် အမှတ်(၂၆)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)

မြောင်းမြမြို့၌ (၂၇)ကြိမ်မြောက် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲကျင်းပဆင်နွှဲ



မြောင်းမြ သြဂုတ် ၁၁

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးတတ်စေရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ (၂၇)ကြိမ်မြောက် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို သြဂုတ်လ ၁၁ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးမြင့်လွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းသား၊ကျောင်းသူများက ကိုယ်ပိုင်ယဉ်ကျေးမှုရိုးရာအမွေတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြိုင်ပွဲဝင်များက အသက်အရွယ်အပိုင်းအခြားအလိုက် သတ်မှတ်ထားသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါအခမ်းအနားကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းသား၊ကျောင်းသူများ တက်ရောက်အားပေးကြကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် စာစီစာကုံး ကဗျာ ပန်းချီပြိုင်ပွဲများကျင်းပ

ရန်ကုန် သြဂုတ် ၁၁

စက်တင်ဘာလ ၈ ရက်တွင်ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို သြဂုတ်လ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ရန်ကင်းပညာရေးဒီဂရီကောလိပ်ကျောင်းသား၊ကျောင်းသူများက ဝ၊ ထ၊ က၊ လ၊ သ သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာငြိမ်းသီအောင်က လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် စာတတ်မြောက်ခြင်း၏အရေးပါပုံကို သိရှိစေရန်၊ ပညာရေးကို အားပေးမြှင့်တင်ပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ကြရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက်ရန်ကင်းပညာရေးဒီဂရီကောလိပ် သင်္ချာဌာနမှ နည်းပြဒေါ်ဇင်သော်မြင့်က သက်ကြီးစာတတ်မြောက်ရေးလှုပ်ရှားမှုအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**

ထန်းတပင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် သြဂုတ် ၁၁

မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းများ လျာထားဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ်လ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးသိန်းရီနှင့် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးတိုင်းရတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ထန်းတပင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒေသ၏လိုအပ်ချက်များကို အခြေခံ၍ စနစ်တကျအစီအစဉ်များချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ ဌာနများအနေဖြင့်လည်း ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဌာနများကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ဦးတည်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမိအေးက ယခင်က ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် လာမည့်ဘဏ္ဍာနှစ်များတွင် လျာထားဆောင်ရွက်မည့်လုပ်ငန်းများကို သုံးသပ်ဆွေးနွေးကြသည်။

ထို့ပြင် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝနှင့် တိုက်ရိုက်ဆက်စပ်နေသည့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောဆောင်ရေးနှင့် ကျေးရွာကုန်ထုတ်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသလိုအပ်ချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းလျာထားမှုများ၊ လိုအပ်ချက်များကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကာရံ(ကျေးလက်)



ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

"မောင် မနက်ဖြန်ပြန်မယ်ဟုတ်လား"

"ပြန်ရလိမ့်မယ် ခင်ရယ်"

"ဒါဖြင့် ခင်လည်းလိုက်မယ်" ဟုပြောလျှင် မောင်ထွန်းမြတ်သည် ပြုံးလျက် "မလုပ်နဲ့ မလုပ်နဲ့၊ လိုက်ဖို့လည်း မောင်က ခွင့်မပြုနိုင်ဘူး၊ ဒီရောက်တာ ၁၅ ရက် လောက်ရှိသေး ဒီလောက်တောင် သိသိသာသာကျန်းမာလာပုံတော့ နောက် ၁၅ ရက်ဆိုရင် ကောင်းကောင်းပျောက်မှာပဲ၊ ၁၅ ရက်တော့ နေရစ်ရလိမ့်ဦးမယ်" ဟုပြောလျှင်-

ခင်စိန်ကြည်သည် မျက်နှာပျက်လျက် "မောင်နဲ့ခွဲပြီး မနေရစ်ခဲ့ချင်ဘူး"

"ဘာပြုလို့လဲ ခင်"

"အို... မောင်မရှိရင် ပျင်းလို့ပေါ့" ဟုပြောသော်လည်း မရဘဲ မောင်ထွန်းမြတ်သည် နောက်တစ်နေ့တွင် ပြန်၍သွားလေ၏။ ပြန်ခါနီးတွင် မောင်ထွန်းမြတ်သည် မောင်သက်ညွှန့်အား မိမိဇနီးကို အထက်ကကဲ့သို့ စောင့်ရှောက်ရစ်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ကြောင်းများကို ပြောသွားလေ၏။

■ ■ ■ ■ ■

အခန်း (၁၇)

မောင်ထွန်းမြတ်မှာ မိမိကိုယ်တိုင် တည်ကြည်ဖြောင့်မတ်သော စိတ်သဘောရှိရကား သူတစ်ပါးတို့လည်း မိမိကဲ့သို့ပင် ရှိချေမည်ဟု အောက်မေ့သောကြောင့် မောင်သက်ညွှန့်အား ဤသို့ယုံကြည်စိတ်ချ၍ မှာထားခဲ့ခြင်းဖြစ်လေသည်။ ထို့ပြင် မိမိဇနီး၏စိတ်သဘောကိုလည်း လုံးလုံးကြီး ယုံကြည်စိတ်ချပြီးဖြစ်၍ မည်သည့် ယောကျ်ားမျိုးနှင့်မဆို လူမရှိသောတောကြီးထဲ၌ ထားခဲ့သည့်တိုင်အောင် စိုးရိမ်ရန်မရှိဟု အောက်မေ့လေသည်။

မောင်ထွန်းမြတ် မန္တလေးသို့ပြန်သွား၍ ခုနစ်ရက်ခန့်ကြာ ရှိခဲ့သည့်အတွင်း၌ မိတ္ထီလာမြို့၌ မောင်သက်ညွှန့်သည် နေ့စဉ်မပြတ် ခင်စိန်ကြည်၏အိမ်သို့ဝင်၍ လမ်းလျှောက်ရန်ခေါ်လေ၏။ ခင်စိန်ကြည်သည်လည်း မောင်သက်ညွှန့်နှင့်မတွေ့ရန် သွားချိန်မကျမီ ထွက်သွားနှင့်၍ သွားနေကျမဟုတ်သောလမ်းတို့မှ လျှောက်သွားသော်လည်း မောင်သက်ညွှန့်သည် မတွေ့တွေ့အောင်ရှာ၍လိုက်လေ၏။ ဤသို့သောနည်းနှင့်မရမပြန်သဖြင့် မောင်သက်ညွှန့်အား မလာနှင့်တော့ဟု ဖွင့်၍ပြောမည်ဟု အောက်မေ့ပြန်လျှင် မောင်သက်ညွှန့်က ဘယ်အတွက်ကြောင့်ပါလဲဟု မေးမြန်းကာ ပြန်၍မပြောတတ်အောင်ဖြစ်ပြီး အမှန်ကိုဖွင့်၍ အမှတ်မဲ့ပြောလိုက်မိမည်ကို စိုးသောကြောင့် ဤသို့လည်း မပြောဝံ့ဘဲရှိလေ၏။ ထို့ပြင် ခင်စိန်ကြည်မှာ ပြန်ရက်လည်း နီးပြီဖြစ်သောကြောင့် မိတ္ထီလာမှ ပြန်သွားလျှင် မောင်သက်ညွှန့်နှင့်ကွဲရတော့မည်ဖြစ်၍ မိမိအား နှောင့်ယှက်ရန် မတတ်နိုင်ဟူ၍လည်း အောက်မေ့မိလေ၏။

တစ်နေ့သ၌ ခင်စိန်ကြည်နှင့် မောင်သက်ညွှန့်တို့သည် အခါတိုင်းထက် ဝေးဝေးလမ်းလျှောက်ကြပြီးနောက် ခင်စိန်ကြည်မှာ အနည်းငယ်မောပန်းသည်ဖြစ်၍ မိတ္ထီလာကန်ကြီးအနီး ထိုင်ခုံတစ်ခုပေါ်တွင် အမောဖြေလျက်နေကြရာ နေမင်းသည်လည်း အရောင်အရှိန်ဖျော့၍ ဝင်လုဆဲဆဲရှိနေရာ လူသွားလူလာလည်းပြတ်ပြီး တစ်မြို့လုံးဆိတ်ငြိမ်လျက် ကန်တွင်းမှ ခရု၊ ဖားတလက်မှစ၍ ရေသတ္တဝါငယ်တို့ တွန်မြည်ကြသည့်အသံကို ခင်စိန်ကြည်နှင့် မောင်သက်ညွှန့်တို့ သဲကွဲစွာကြားရကုန်၏။ နေဝင်ချိန်နီးသဖြင့် လေညင်းကလေးသည်လည်း ကန်ဘက်မှ သုတ်လာလျှင် အနီးရှိညောင်ပင်ကြီးမှ ညောင်ရွက်တို့သည် အရွက်ချင်းခတ်သဖြင့် မိုးရွာသောအသံကဲ့သို့ မြည်လေလျှင် အဖော်ကွဲလျက်ရှိသော ကျီးတစ်ကောင်သည် ညောင်ကိုင်းပေါ်၌ နားနေရာမှ လန့်ပြီး ခင်စိန်ကြည်တို့၏ ဦးခေါင်းပေါ်မှ မြည်လျက်ပျံသွားလေ၏။ မောင်သက်ညွှန့်လည်း မိမိသောက်လျက်ရှိသော စီးကရက်တိုကို ပစ်လိုက်ပြီးလျှင်-

"ကျွန်တော်တို့ ရွှေတိုမှာနေကြတုန်းက ကျုံးနားမှာ ဒီလိုပဲ တစ်ညနေထိုင်နေကြတာ ခင် မှတ်မိသေးသလား"

"မှတ်မိတယ်၊ ဒေါ်ဒေါ်ကတောင် လိုက်ပြီးခေါ်လာသေးတယ်မဟုတ်လား"

"ဩော်...ခင်လည်းမှတ်မိသကိုး၊ ဟုတ်တယ် မမက ဒီတုန်းက ကျွန်တော့် ဘယ့်နယ်များထင်နေတယ် မပြောတတ်ပါဘူး"

"ရှင်"

"မမက ဒီလိုပဲ သူ့အနားမှာသာကပ်ပြီး နေစေချင်တယ်၊ ဒီပြင်လူနဲ့လည်ရင် မကြိုက်ချင်ဘူး၊ ကိုယ်ကတော့လည်း ဒီပြင်တစ်ယောက်နဲ့မှ သွားချင်လာချင်တယ်"

"ဝန်ထောက်မင်းသမီးနဲ့လား"

"ဝန်ထောက်မင်းသမီးနဲ့များ ဘယ်တော့သွားဖူးသလဲ၊ ဒါတော့ ခင်ရယ် ခင်လည်း အသိသားနဲ့" ဟုပြော၍ ခင်စိန်ကြည်ကို ကြည့်လိုက်လျှင် ဆိုလိုသည့်အဓိပ္ပာယ်ကိုရိပ်မိ၍ ခင်စိန်ကြည်သည် မျက်နှာထားခက်သဖြင့် မျက်နှာလွှဲလျက် နေရာ-

"ဩော်...မှားပါဘိတော့၊ လွန်သွားတဲ့နှစ်တွေ ပြန်ဆွဲလို့များရရင် ဆွဲလိုက်ပါရဲ့ ခင်ရယ်၊ ဒီကအကောင်ကိုက အင်မတန်မိုက်ပါတယ်လေ၊ အဖိုးတန်ပတ္တမြား မီနိုင်လောက်သားနဲ့ မစဉ်းစားတဲ့အတွက် ငါးပါးကြီးမှောက်တာပါပဲခင်ရယ်၊ အခုတော့ သူများလက်ရောက်မှ" ဟု ပြောဆဲတွင်

"မောင်ထွန်းမြတ် မန္တလေးသို့ပြန်သွား၍ ခုနစ်ရက်ခန့်ကြာ ရှိခဲ့သည့်အတွင်း၌ မိတ္ထီလာမြို့၌ မောင်သက်ညွှန့်သည် နေ့စဉ်မပြတ် ခင်စိန်ကြည်၏အိမ်သို့ဝင်၍ လမ်းလျှောက်ရန်ခေါ်လေ၏။ ခင်စိန်ကြည်သည်လည်း မောင်သက်ညွှန့်နှင့်မတွေ့ရန် သွားချိန်မကျမီ ထွက်သွားနှင့်၍ သွားနေကျမဟုတ်သောလမ်းတို့မှ လျှောက်သွားသော်လည်း မောင်သက်ညွှန့်သည် မတွေ့တွေ့အောင်ရှာ၍ လိုက်လေ၏. . ."

ခင်စိန်ကြည်သည် ဆက်လက်၍ မကြားလိုသဖြင့် ထိုင်ရာမှထလေလျှင် "နေပါဦး ခင်ရယ်၊ စမိလို့ရှိမှ ဆုံးအောင်ပဲ ပြောပါရစေတော့၊ တစ်သက်လုံးမှာ ဒီတစ်ခါပဲ ကျွန်တော်ပြောဖို့ရှိပါတယ်၊ ဟိုတုန်းအခါကတည်းကိုက တစ်နေ့သော်လည်းပြောမယ်ဟဲ့၊ တစ်နေ့သော်လည်း ပြောမယ်ဟဲ့နဲ့၊ ကိုယ်ကတော့ ခင့်မှာ အတိဒုက္ခရောက်နေတဲ့အခါပါကလားလို့၊ မတော်သေးဘူးလေလို့ အောက်မေ့ပြီးနေမိ၊ ဒီလို မထောက်ထား မညှာတဲ့လူက ဖြုန်းခနဲ ဆိုလာပြီး..."

"တော်ပါပြီရှင်၊ တော်ပြီ၊ ကျွန်မ နားမထောင်ချင်ဘူး"

"ခဏလေးပါခင်ရယ် ဆုံးအောင် နားထောင်ပါဦး၊ ခင်နဲ့လွဲသွားပြီးနောက် ဘယ်အတွက်ကြောင့် လွဲရတယ်ဆိုတာ တစ်ခါလောက်များတွေ့ရရင် ပြောပြလိုက်မဟဲ့လို့ ဒီလောက်ကြာအောင် ခဲပြီးလာခဲ့၊ တစ်နေ့မှ စိတ်မအေးပါဘူးခင်ရယ်၊ ဟို တုန်းကတော့ ကိုယ့်စိတ်ကို ဒီလောက်မှန်းမသိပေဘူး၊ လွဲပြီးတဲ့နောက်မှ ခင့်အတွက် ဘယ်လောက်အစွဲအလမ်းကြီးတယ်ဆိုတာသိရပါတယ်"

"ကျွန်မ အုပ်ထိန်းသူမရှိတဲ့အခါမို့ မကြားချင်တဲ့စကားကို ရှင်က အတင်းပြောတာပေါ့လေ" ဟု မျက်နှာထားတင်းတင်းထား၍ ပြောပါသော်လည်း စိတ်၌မူကား ခင်စိန်ကြည်သည် လွတ်လွတ်လပ်လပ်ဖြစ်ခဲ့ပါက ဤကဲ့သို့သောစကားတို့ကို ကြားလိုမည်ဖြစ်လေသည်။

"ပြောတာနဲ့တော့ မထူးပါဘူး ခင်ရယ်၊ အခုမှတော့ လွန်လည်းကုန်ကြပါပြီ၊ ဘယ့်နယ်မှလည်း တတ်နိုင်ကြတာမဟုတ်ပါဘူး၊ မိုက်တော့ ကိုယ်ကမိုက်ပေတာပဲ၊ ကိုယ်မိုက်လို့ ခင်လည်း ဒီလိုအကောင်နဲ့ဖြစ်သွားရတာ သနားပါရဲ့" ဟု ပြောလျှင် ခင်စိန်ကြည်သည် အလွန်အမျက်ထွက်၍ "ကျွန်မယောကျ်ားကိုလား ရှင်က အကောင်ဆိုတာ၊ ကျွန်မကို ရှင်ကများ သနားရသေးတယ်၊ ဘာမှတ်လို့လဲ၊ ကိုထွန်းမြတ်ဟာ ကျွန်မအင်မတန်ချစ်တဲ့၊ မြတ်နိုးတဲ့ယောကျ်ား ရှင်သိရဲ့လား၊ သူ့ကို ကျွန်မ ယူတာလည်း ကျွန်မကိုယ်၌ကိုက သဘောကျလို့ယူတာ၊ သူ့ယူမိတာ မှား တယ်ထင်လိမ့်မယ်လို့များ ရှင်က အောက်မေ့နေသလား၊ အကွာကြီး၊ တစ်နေ့တခြားတောင် ပိုပြီးမြတ်နိုးလာသေးတယ်၊ ရှင်က ရှင့်ကိုယ်ရှင် ဘာထင်လို့လဲ၊ ရှင့်ပုံရှင့်ပန်း၊ ရှင့်သဘောထားနဲ့များ ကျွန်မယောကျ်ားနဲ့ ယှဉ်နိုင်မယ်ထင်လို့လား"

ဆက်လက်ဖော်ပြပါမည်။

သီပေါမြို့ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်



သီပေါ ဩဂုတ် ၁၁

ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်များ ပေါ်ပေါက်လာစေရန်၊ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဩဂုတ်လ ၁၁ ရက်တွင် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းသိဂီဂီစိုးက ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်း၏အကျိုးကျေးဇူးများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်စွမ်းရည်မြင့်မားလာစေရန်ရည်ရွယ်၍ စာအုပ်စာစောင်များကို အလှည့်ကျဖတ်ကြားစေခြင်း၊ ရုပ်ပုံပြ ပုံပြောခြင်းများဆောင်ရွက်စေပြီး နောက် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။

သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှုနိုင်မြှင့်တင်ရေးလုပ်ငန်းများကို အခြေခံပညာကျောင်းများသို့ လစဉ်သွားရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ

ကျိုက်လတ်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ကျိုက်လတ် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်အရ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ဩဂုတ်လ ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် မြို့မ(၁)အသင်းနှင့် ကျုံလမုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မ(၁)အသင်းက ကျုံလမုအသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က ပထမဆုရရှိသည့် မြို့မ(၁)အသင်း၊ အဖွဲ့ဝင် ဦးရွှေလှဝင်းက ဒုတိယဆုရရှိသည့် ကျုံလမုအသင်း၊ အတွင်းရေးမှူး ရဲမှူးကျော်စိုးက တတိယဆုရရှိသည့် မြို့မ(၂)အသင်းနှင့် တာဝန်ရှိသူများက တခြားထူးချွန်ဆုရရှိကြသူများအား ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။ အဆိုပါပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ အသင်းရှစ်သင်းဖြင့် ဇူလိုင်လ ၂၄ ရက်မှ ဩဂုတ်လ ၁၀ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)

❖ **မိုင်းလားဒေသ၌ လတ်တလောကာလအတွင်း လိုအပ်လျက်ရှိသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေး မိုင်းလားဒေသအတွင်း ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြား . . .**

❖ **နိုင်ငံတော်အကြီးအကဲ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်များအား မိုင်းလားဒေသရှိ ဒေသခံပြည်သူများကို ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး . . .**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

အတွင်းရေးမှူး ဦးအိုက်ပန်းတို့တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရမှုအပေါ် အထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီနှင့် ဒေသတစ်ခုလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပါအဝင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)မှ အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိမှု၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နှစ်ပေါင်းသုံးဆယ်ကျော်ကြာ "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး" ဆိုသည့် လမ်းစဉ်အတိုင်းလျှောက်လှမ်းခဲ့ပြီး နိုင်ငံတော်အစိုးရအဆက်ဆက်နှင့်လည်း ကောင်းမွန်သည့် ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့သည့်အခြေအနေများ၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံပြီး ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများပိုမိုအားကောင်းအောင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်သမ္မတကြီး အနေဖြင့် မိုင်းလားဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ပြီး ကောင်းမွန်ပြီး အပြုသဘောဆောင်သည့် ရလဒ်များ ထွက်ပေါ်ခဲ့သည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတကနိုင်ငံတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်ဆောင်ရွက်ရာတွင်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဦးတည်လျှောက်လှမ်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံနှင့်ဒေသအကျိုးအတွက် ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မိုင်းလားဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မိုင်းလားဒေသအတွင်း ပညာရေးကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဆရာ၊ ဆရာမများနှင့်အခြေခံအဆောက်အဦများဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးကဏ္ဍာတိုးတက်ရေးဆေးရုံများအဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးပစ္စည်းများဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မိုင်းလားဒေသ၌ လတ်တလော ကာလအတွင်း လိုအပ်လျက်ရှိသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေး မိုင်းလားဒေသအတွင်း ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌတို့သည် မိုင်းလားဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နိုင်ငံတော်အကြီးအကဲ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လမ်းညွှန်ချက်များအား မိုင်းလားဒေသရှိ ဒေသခံပြည်သူများကို ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

PPIB News

ရပ်စောက်မြို့နယ်နှင့် ကလောမြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများထောက်ပံ့ပေးအပ်



တောင်ကြီး ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် ကလောမြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေဘေးသင့်ပြည်သူများကို ရပ်စောက်မြို့၌ မိုးလုံလေလုံအားကစားကွင်းနှင့် ဥတ္တိုတားမမ္မာရုံတွင်လည်းကောင်း၊ ကလောမြို့၌ အမှတ်(၅)ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်တွင်လည်းကောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ထိုသို့ သွားရောက်စဉ် ရပ်စောက်မြို့မှ ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်နှင့် ဆေးဝါးများ၊ လိုအပ်သော အသုံးအဆောင်ပစ္စည်းများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ပေးသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ရေဝင်ရောက်နေသည့် ဇော်ဂျီမြစ်ချောင်းဘေးရှိ ရပ်ကွက်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကလောမြို့ အမှတ်(၅)ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများကို သွားရောက်ပေးအပ်သည်။

ထို့ပြင် ရေဝင်ရောက်ခဲ့သည့် ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မြို့နယ်ဥပဒေရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၊ မြို့တော်ခန်းမတို့တွင် ရေပြန်လည်ကျဆင်းသွားသဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ မောမြေဦးပန်းခြံ၊ ကလောချောင်းနှင့်ခရိုင်ပညာရေးရုံးကိုလည်းကောင်း၊ ရပ်ကွက်(၄)ကလောချောင်းကူးတံတား၊အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အုတ်တံတိုင်းပြိုလဲမှုကိုလည်းကောင်း၊ အမှတ်(၄) ရပ်ကွက်ရှိ ပလောင်ဈေးသန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမှတ်(၄)ရပ်ကွက်ကလောချောင်းမှတ်တိုင်(၁၄၇)မှ Fullmoon Hotel နောက် ကလောချောင်းအထိ ရေမြောင်းအသစ်တူးဖော်မည့်နေရာကိုလည်းကောင်း၊ ကလောအင်းပြင်သစ်တောပျိုးဥယျာဉ်ရှေ့ ကလောချောင်းရေစီးဆင်းမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

(၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် ဆောင်းပါး)

လူငယ်ကျန်းမာ အနာဂတ်ချမ်းသာ နောက်ခံမတူကြား ရည်မှန်းတူထား

နှစ်စဉ် ဩဂုတ်လ ၁၂ ရက်တွင် ကမ္ဘာတစ်ဝန်းလုံးက အရိုးရှင်းဆုံးသော အမှန်တရားတစ်ခုကို အသိအမှတ်ပြုဆင်နွှဲလေ့ရှိကြသည်။ ယင်းမှာ လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များသာမက ယနေ့ခေတ်ကို ပုံဖော်တည်ဆောက်နေကြသူများဖြစ်ကြသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ဆောင်ပုဒ်ဖြစ်သော "နောက်ခံမတူကြား၊ ရည်မှန်းတူထား၊ လူငယ်အား" (Different Contexts, Common Aspirations) ဆိုသည့်သတင်းစကားမှာ လူဦးရေ၏ အစိတ်အပိုင်း အများစုကို လူငယ်များက လွှမ်းမိုးထားသည့် မြန်မာနိုင်ငံအတွက် အထူးပင် ဆက်စပ်အဓိပ္ပာယ်ရှိလှသည်။ စည်ကားသိုက်မြိုက်သော မြို့ပြများတွင်ဖြစ်စေ၊ ကျေးလက်စာသင်ကျောင်းများတွင်ဖြစ်စေ သို့မဟုတ် အခက်အခဲများမှ ပြန်လည်ထူထောင်နေသော လူထုအသိုက်အဝန်းများတွင်ဖြစ်စေ မြန်မာလူငယ်များသည် ကမ္ဘာတစ်ဝန်းရှိ ၎င်းတို့၏ ရွယ်တူချင်းများကဲ့သို့ပင် ရိုသေလေးစားခံရမှု၊ သင့်တော်ကောင်းမွန်သော အလုပ်အကိုင်၊ အရည်အသွေးမြင့်မားသော ပညာရေး၊ ကောင်းမွန်သောကျန်းမာရေးနှင့် မိမိတို့၏အနာဂတ်ကိုပုံဖော်ရာတွင် စစ်မှန်သောပါဝင်ပြောဆိုခွင့် စသည့် တူညီသော မျှော်လင့်ချက်များကို ပိုင်ဆိုင်ထားကြသည်။ ဤဆောင်းပါးသည် အဆိုပါနေ့ရက်၏ ကမ္ဘာ့အဆင့် အရေးပါပုံကို မီးမောင်းထိုးပြထားပြီး မြန်မာ့လူငယ်များ၏ ကျန်းမာရေးအခြေအနေ၊ ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆန်းစစ်ကာ အကျိုးရှိသော ပူးပေါင်းပါဝင်မှုလမ်းကြောင်းများကို ဖော်ပြပေးထားပါသည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်နှင့် ဦးတည်ချက်

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကုလသမဂ္ဂက ၁၉၉၉ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ အစိုးရများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူငယ်များကိုယ်တိုင် လူငယ်ဆိုင်ရာ စိန်ခေါ်မှုများနှင့် အောင်မြင်မှုများကို သုံးသပ်နိုင်မည့် ပလက်ဖောင်းတစ်ခု ဖြစ်လာခဲ့သည်။ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးရာဌာန (UN DESA) က သတ်မှတ်ပေးထားသည့် ၂၀၂၆ ခုနှစ် ဆောင်ပုဒ်သည် လူငယ်များ၏ ပတ်ဝန်းကျင်အခြေအနေများ မတူညီကြသော်လည်း ၎င်းတို့၏ အခြေခံမျှော်မှန်းချက်များမှာ တူညီကြသည်ကို အသိအမှတ်ပြုထားခြင်းဖြစ်သည်။

ယခုနှစ်တွင် အရင်းအမြစ် ကန့်သတ်ချက်များ၊ ပထဝီဝင်အကန့်အသတ်များ၊ ဆင်းရဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိခိုက်လွယ်မှုများကြောင့် အခွင့်အလမ်းနည်းပါးနေသည့် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများ၊ ကုန်းတွင်းပိတ်ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကျွန်းနိုင်ငံငယ်များရှိ လူငယ်များ၏အခြေအနေကို အထူးအလေးပေးထားသည်။ ကမ္ဘာတစ်ဝန်းတွင် ပညာရေးကွာဟမှု၊ ဒီဂျစ်တယ်နည်းပညာရရှိနိုင်မှု မညီမျှမှု၊ စီးပွားရေးနှင့် အလုပ်အကိုင်မရေရာမှုများနှင့် စိတ်ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများရှိနေသော်လည်း လူငယ်များ၏ စီးပွားရေးလုပ်ငန်းသစ်များ တည်ထွန်းလာမှုနှင့် လူမှုအသိုက်အဝန်းအတွင်း ဦးဆောင်လှုပ်ရှားမှုများက ယနေ့လူငယ်မျိုးဆက်၏ ကြံ့ကြံ့ခံနိုင်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို ပြသနေသည်။

ယနေ့မြန်မာ့လူငယ်များ၏ ကျန်းမာရေးအခြေအနေ

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အသက် ၁၃ နှစ်မှ ၁၇ နှစ်အထိ ကျောင်းသား ၁၁၅၅ ဦးအား လေ့လာခဲ့သည့် ၂၀၂၅ ခုနှစ် ကျောင်းအခြေပြု ဆယ်ကျော်သက်လူငယ် ကျန်းမာရေး သုတေသန စစ်တမ်းအရ -

- ၂၃ ဒသမ သုညရာခိုင်နှုန်းမှာ ကိုယ်အလေးချိန် လျော့နည်းနေခြင်း၊
- ၃၁ ဒသမ သုညရာခိုင်နှုန်းမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲနေခြင်း၊
- ၁၀ ဒသမ ၄ ရာခိုင်နှုန်းမှာ အထီးကျန်ဆန့်မှုကို ခံစားနေရခြင်းများရှိနေသည်။

အပြုသဘောဆောင်သော အချက်များအနေဖြင့် ကျန်းမာရေးနှင့် သန့်ရှင်းရေးအလေ့အထများ ကောင်းမွန်ကြပြီး (၉၀ ဒသမ ၉ ရာခိုင်နှုန်းမှာ သွားပုံမှန်တိုက်ကြသည်)၊ ကာကွယ်ဆေးနှင့် သန်ချဆေးတိုက်ကျွေးမှုများတွင်လည်း လွှမ်းခြုံမှုကောင်းမွန်ကြောင်း (၉၉ ဒသမ သုညရာခိုင်နှုန်း သန်ချဆေးရရှိခဲ့ပြီး ၄၈ ဒသမ ၄ ရာခိုင်နှုန်း သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးရရှိခဲ့သည်)တွေ့ရှိရသည်။ သို့သော် ပညာရေးထိခိုက်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုများနှင့် ဝမ်းစာရှာဖွေရေးအခက်အခဲများကြောင့် လူငယ်များ (အထူးသဖြင့် အမျိုးသမီးငယ်များ) အနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည်ကို အပြည့်အဝဖော်ထုတ်နိုင်ရန် စိန်ခေါ်မှုများ ကြုံတွေ့နေရဆဲဖြစ်သည်။


နိုင်ငံတော်အစိုးရ၏ ပထမ ရက် (၁၀၀) အတွင်း လူငယ်ကဏ္ဍဆိုင်ရာတိုးတက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များ

၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မြွက်ကြားသော နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဗဟိုချက်အဖြစ် ထည့်သွင်းထားသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ လူငယ်ဦးရေ ၁၇ သန်းခန့်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည့်အတွက် လူငယ်အင်အားများပြားသည့်နိုင်ငံဖြစ်သည်မှာ ရွေရောင်အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အခွင့်အလမ်းကောင်းရှိနေသော်လည်း လူငယ်ထုအတွင်းတွင် ကျောင်းထွက်နှုန်းမြင့်မားနေသည့်အတွက် အဆင့်မြင့်ပညာရရှိမှု၊ သက်မွေးပညာရေးရရှိမှု၊ ဒီဂျစ်တယ်နည်းပညာတတ်ကျွမ်းမှု စသည့် ပညာရေးဆိုင်ရာအားနည်းချက်များဖြစ်ပေါ်နေပါကြောင်း၊ ထိုကဲ့သို့ အားနည်းချက်များကြောင့် ဘဝအာမခံချက်ရှိသည့် အလုပ်အကိုင်ရရှိမှုအားနည်းခြင်း၊ ပုံမှန်လုပ်ခလစာမရရှိသည့်အလုပ် (Informal Sectors)များတွင် အများစုလုပ်ကိုင်နေရခြင်း၊ ကျောင်းသင်ပညာရေးနှင့် အလုပ်အကိုင်ကိုက်ညီမှုအားနည်းခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုဂေဟစနစ် အားနည်းခြင်း စသည့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများ၊ မူးယစ်ဆေးဝါးပြဿနာ၊ အွန်လိုင်းလောင်းကစား၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုမျှား၊ စိတ်ကျန်းမာရေးပြဿနာများ စသည့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများအပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု (Civic Engagement) နည်းပါးခြင်း၊ ပရဟိတလုပ်ငန်း၊ စေတနာဝန်ထမ်းလုပ်ငန်းများတွင် စိတ်ရင်းစေတနာဖြင့် လုပ်ကိုင်ကြသည်မှန်သော်လည်း နည်းစနစ်တကျ ဆောင်ရွက်နိုင်မှုအားနည်းခြင်း စသည့် အမျိုးသားရေးစိတ်ဓာတ် ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း မိမိတို့နိုင်ငံတွင် ကြုံတွေ့နေရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ယခင်က လူငယ်နှင့် သက်ဆိုင်သည့်ဝန်ကြီးဌာန သီးခြားမရှိခဲ့သော်လည်း အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအလေးထား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူငယ်ရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းခဲ့ပါကြောင်း၊ မိမိအနေဖြင့် လူငယ်များသည် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသယံဇာတများဖြစ်သည်ဟု ခံယူထားပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ ဗဟငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အဖြစ် စွမ်းရည်ပြည့်ဝသော လူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သောအနာဂတ် (Empowered Youth, Strong Nation, Shared Future) ဆိုသည့် ဆောင်ပုဒ်ကိုချမှတ်ထားပြီး အမျိုးသားအဆင့် လူငယ်ဖွံ့ဖြိုးရေးမူဝါဒမူဘောင်တစ်ရပ်ရေးဆွဲကာ မဟာဗျူဟာများ၊ ရေတို/ရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားခဲ့ပါသည်။

အဆိုပါ ပထမ ရက် ၁၀၀ တိုးတက်မှုအခြေပြမိန့်ခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သတင်းမီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် **လူငယ်တွေအနေနဲ့ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေအများကြီးရှိပါတယ်** ဟု တိုက်တွန်းပြောကြားခဲ့ပြီး နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများနှင့်အညီ လူငယ်များဘက်ကလည်း ကြိုးစားအားထုတ်ကြရန် မီးမောင်းထိုးပြခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာရေးအတွက် Sexual, Reproductive, Maternal, Newborn,Child and Adolescent Health (SRMNCAH) မဟာဗျူဟာစီမံကိန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ သတင်းအချက်အလက်များနှင့် ဘဝတွက်တာကျွမ်းကျင်မှုပညာရပ်များကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော်လည်း အရင်းအမြစ် ကန့်သတ်



ချက်များ၊ ကျေးလက်ဒေသများအထိ ရောက်ရှိမှုနည်းပါးခြင်းများနှင့် နည်းပြဆရာကန့်သတ်ချက်စသည့် စိန်ခေါ်မှုများကို ဆက်လက်ကျော်လွှားရန်လိုအပ်နေသေးကြောင်း တွေ့ရပါသည်။

လူငယ်များ ပါဝင်ဆောင်ရွက်နိုင်မည့်လမ်းကြောင်းများတွင် အကန့်အသတ်များရှိနေသော်လည်း မြန်မာလူငယ်များသည် လူမှုအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများ၊ ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေး/ပညာရေး စေတနာဝန်ထမ်းလုပ်ငန်းများတွင် တက်ကြွစွာပါဝင်နေကြသည်။

လူငယ်များ၏ စွမ်းအားကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် -

- ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများပေးခြင်း၊
- လုပ်ငန်းခွင်အတွေ့အကြုံရှိသူများနှင့် ချိတ်ဆက်ပေးသည့် Mentorship အစီအစဉ်များဖန်တီးပေးခြင်း၊
- စီးပွားရေးလုပ်ငန်းသစ်များအတွက် ပံ့ပိုးပေးခြင်းနှင့် ဒီဂျစ်တယ်ကျွမ်းကျင်မှုများ လေ့ကျင့်ပေးခြင်း၊
- ကျေးလက်နေလူငယ်များ၊ မသန်စွမ်းလူငယ်များနှင့် အမျိုးသမီးငယ်များအတွက် အခွင့်အလမ်းများ အတူတူရရှိစေရန် ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်သည်။

တိုက်တွန်းနှိုးဆော်ချက် (Call to Action)

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ "နောက်ခံမတူကြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဆိုသည့် ဆောင်ပုဒ်သည် အနာဂတ်အတွက် လမ်းပြမြေပုံတစ်ခုဖြစ်သည်။

- အစိုးရဌာနများအနေဖြင့် အရည်အသွေးမြင့် ပညာရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် လူငယ်ရေးရာ ကျန်းမာရေးဝန်ဆောင်မှုများကို တိုးမြှင့်ပေးရန်၊
- စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းရှင်များအနေဖြင့် အလုပ်သင်အစီအစဉ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊
- ကျန်းမာရေး၊ ပညာရေး၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိသားစုများအနေဖြင့် လူငယ်များ၏ အာဟာရ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး၊ အီးစီးကရက်(Vape)မသုံးစွဲရေးနှင့် စိတ်ကျန်းမာရေးကို ပြုစုပျိုးထောင်ပေးရန်၊
- လူငယ်များကိုယ်တိုင်ကလည်း မိမိတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပြီး ဒီဂျစ်တယ်နည်းပညာများကို အကျိုးရှိစွာအသုံးပြုကာ သမိုင်းပေးတာဝန်ကို တာဝန်သိစွာ ထမ်းဆောင်ကြရန် လိုအပ်ပါသည်။

ယနေ့ မြန်မာ့လူငယ်များပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ပါသည်။

ဒေါက်တာအောင်ထွဏ်း(အငြိမ်းစား၊ ကျောင်းကျန်းမာ)

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ (၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြုကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့်အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့်လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့်သုတေသနလုပ်ငန်း။

ကလေးငယ်များအား ဗီတာမင်အေနှင့်သန်ချဆေးများတိုက်ကျွေး



ဇွန် ၁၁

မကွေးတိုင်းဒေသကြီး ငဖေမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးတွင် အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးငယ်များ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေရန်၊ကျန်းမာသန်စွမ်းပြီး ရောဂါကူးစက်မှုမှ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဗီတာမင်အေနှင့်သန်ချဆေးများ တိုက်ကျွေးခြင်းကို ဇွန်လ ၁၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြကြောင်းသိရသည်။

ရှေးဦးစွာ ငဖေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမဒေါ်စုသက်ခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးလာရောက်သည့် ကလေးမိခင်များအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးပေးသည့် အကြောင်းအရာများအား အသိပညာပေးပြောကြားသည်။

ထို့နောက် ကလေးငယ်များကို ကိုယ်အလေးချိန်တိုင်းတာခြင်း၊ လက်မောင်းလုံးပတ်တိုင်းတာခြင်းနှင့် အရပ်တိုင်းတာခြင်းများဆောင်ရွက်ကာ ငဖေမြို့နယ်အတွင်းရှိ အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးများကို ဇွန်လ ၁၁ ရက်မှ ၁၄ ရက်အထိ တိုက်ကျွေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မယု(ငဖေ)

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန်လ ၁၁

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲကျင်းပ

ပြင်ဦးလွင် ဇွန်လ ၁၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရပ်ကွက်ကြီး(၁၀)ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းကကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် (၁) ဦးဝင်းဇော်၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလင်းအောင်၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုမြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၀၂)

> နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၈-၂၀၂၆ ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စုန္ဒာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ့	တာအေး	မော်လမြိုင်	လားရှိး	တောင်ကြီး	ရှိုင်းကော်	ဟားခါး
92 Ron	၃၈၄၀	၃၉၀၅	၃၉၄၅	၃၈၅၅	၄၀၀၀	၄၀၁၅	၄၀၄၅	၃၉၂၅	၄၂၉၅	၃၉၄၅	၄၀၅၅	၄၀၃၅	၄၀၃၅	၃၉၉၅	၄၀၀၅	၄၂၈၅
95 Ron	၃၉၉၀	၄၀၁၅	၄၀၅၅	၃၉၆၅	၄၀၁၀	၄၀၂၅	၄၀၆၀	၄၀၃၅	၄၄၀၅	၄၄၃၅	၄၀၅၅	၄၀၅၅	၄၀၅၀	၄၀၀၅	၄၀၁၅	၄၄၄၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၄၂၀	၄၂၅၀	၄၂၄၅	-	၄၆၀၅	၄၂၅၅	၄၇၉၀	၄၃၄၀	၄၃၀၀	၄၃၀၀	၄၅၃၀
HSD (50 ppm)	၃၈၅၀	၃၉၀၅	၃၈၅၅	၃၈၆၅	၃၉၁၀	၃၉၂၀	၃၈၅၅	၃၈၃၅	၃၈၃၅	၃၈၃၀	၃၈၅၅	၃၈၃၅	၃၈၃၅	၃၉၂၀	၃၉၂၀	၃၉၄၅
HSD (10 ppm)	၃၈၅၀	၃၉၀၅	၃၈၅၅	၃၈၆၅	၃၉၁၀	၃၉၂၀	၃၈၅၅	၃၈၃၅	၃၈၃၅	၃၈၃၀	၃၈၅၅	၃၈၃၅	၃၈၃၅	၃၉၂၀	၃၉၂၀	၃၉၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၄၀	၃၇၄၅
95 Ron	၃၇၄၅	၃၈၅၄
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၈	၄၉၃၄
HSD (10 ppm)	၄၈၀၈	၄၉၃၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

၂၀၂၆ ခုနှစ် ဇွန်လ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇွန်လ ၁၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲနှုန်း မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၂ ပေမှ ၃ ပေခွဲခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁ ပေမှ ၂ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့ နှင့် ဧလွန်မြို့တို့တွင် ၂ ပေခွဲမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၂ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၂ ပေခန့်နှင့် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၁ ပေခန့်နှင့် ပဲခူးမြို့တွင် ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၃ ပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

မိုးရာသီကျန်းမာရေးအတွက် အရေးကြီးသောအစားအစာနှင့်ရေသန့်ရှင်းမှု

"မိုးရာသီအတွင်း အစားအစာများကို လတ်လတ်ဆတ်ဆတ် ချက်ပြုတ်ပြီး ပူပူနွေးနွေးစားသုံးသင့်သည်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို မစားမီ သန့်ရှင်းအောင်ဆေးကြောရန် လိုအပ်သည်။ အဆီများသော သို့မဟုတ် အလွန်စပ်သော အစားအစာများထက် အစာခြေရလွယ်ကူသော အိမ်တွင်ပြုလုပ်သည့် အစားအစာများကို ရွေးချယ်ပါ။ အစားအစာများကို အချိန်မှန်စားသုံးပြီး အူလမ်းကြောင်း ကျန်းမာရေးကိုအထောက်အကူပြုနိုင်သော ဒိန်ချဉ်ကဲ့သို့ ပရိုဘိုင်အိုတစ်အစားအစာများကို ထည့်သွင်းစားသုံးပါ။. . ."

မိုးရာသီရောက်ရှိလာသည်နှင့်အမျှ နွေရာသီ အပူဒဏ်မှ သက်သာရာရသွားသော်လည်း ရောဂါဖြစ်စေသောပိုးမွှားများ ကြီးထွားပျံ့နှံ့နိုင်သည့် ရာသီဥတုဖြစ်သောကြောင့် အစာအိမ်နှင့်အူလမ်းကြောင်း ပြဿနာများနှင့်အတူ အစားအစာနှင့်ရေမှတစ်ဆင့် ကူးစက်သောရောဂါများ၏ ဖြစ်ပွားမှုနှုန်းမြင့်တက်လာနိုင်ပါသည်။ မိုးရာသီတွင် စိုထိုင်းဆမြင့်မားခြင်း၊ ရေဝပ်ခြင်းနှင့် အပူချိန်အတက်အကျရှိခြင်းများကြောင့် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် ကပ်ပါးကောင်များ မြန်မြန်ကြီးထွားပြီး ပိုမိုမြန်ဆန်စွာပျံ့နှံ့ရန် လိုအပ်သောပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သည်။

မိုးရာသီသည် စိုထိုင်းဆမြင့်မားပြီး မိုးရွာသွန်းမှုကြောင့် အစားအစာနှင့်ရေညစ်ညမ်းမှုဖြစ်နိုင်ခြေပိုများသဖြင့် အထူးသတိထားရန်လိုအပ်ပါသည်။ လုံလောက်စွာ အအေးခံသိုလှောင်ထားမှုမရှိသည့် အစားအစာများနှင့် ပြင်ပတွင်ထားရှိသော အသီးအနှံများတွင် ပိုးမွှားများကြီးထွားမှုဖြစ်ပေါ်နိုင်သည်။ မိုးရာသီတွင် မှန်ကန်စွာသိမ်းဆည်းမထားသော သို့မဟုတ် လုံးဝချက်ပြုတ်မထားသော အစားအစာများသည် ဗက်တီးရီးယားများ ပေါက်ပွားလာနိုင်သည့် နေရာတစ်ခုဖြစ်လာနိုင်ပြီး ညစ်ညမ်းမှုဖြစ်နိုင်ခြေအလွန်များပါသည်။ မှန်ကန်သောအပူချိန်တွင် သိမ်းဆည်းမထားသော နို့ထွက်ပစ္စည်းအားလုံးမှာ မိုးရာသီတွင် ညစ်ညမ်းမှုအန္တရာယ်ရှိနိုင်ပါသည်။ ရေခဲသေတ္တာထဲ မထည့်ထားသော သို့မဟုတ် အပူပေးမထားသော နို့ထွက်ပစ္စည်းများကို ရှောင်ကြဉ်ပါ။ လမ်းဘေးတွင်ရောင်းချသော အစားအစာများ၊ လှည်းများနှင့် ရောင်းချသည့် လှီးဖြတ်ထားသော သစ်သီးများ၊ မဆေးကြောရသေးသော အသီးအရွက်အစိမ်းများနှင့် အသင့်စားအစားအစာများကိုရှောင်ကြဉ်ပါ။ ကိုယ်တိုင်ဆေးကြောလှီးဖြတ်နိုင်သော အသီးအနှံများကိုသာ ရွေးချယ်စားသုံးပါ။

မိုးရာသီ၏နောက်ကွယ်ရှိအန္တရာယ်များ

မိုးရာသီ၏ မမြင်နိုင်သော အန္တရာယ်များထဲမှ တစ်ခုမှာ မိုးသည်းထန်စွာရွာသွန်းမှုသည် သောက်သုံးရေ အခြေခံအဆောက်အအုံအပေါ်သက်ရောက်မှုဖြစ်သည်။ မိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းစဉ် ရေအရည်အသွေးကျဆင်းမှုအဖြစ်များသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိလ္လာရေနှင့် တခြားညစ်ညမ်းပစ္စည်းများသည် သောက်သုံးရေပေးဝေရေးစနစ်ထဲသို့ ဝင်ရောက်နိုင်သည်။ ညစ်ညမ်းသောရေသည် အစာအိမ်နှင့် အူလမ်းကြောင်းရောင်ရမ်းခြင်း၊ တိုက်ဖွိုက်၊ ကာလဝမ်းရောဂါ၊ အသည်းရောင်အသားဝါ(A) နှင့် အသည်းရောင်အသားဝါ (B) ရောဂါများ ဖြစ်ပွားနိုင်သည်။ အထူးသဖြင့် ဟောင်းနွမ်းပျက်စီးနေသော ရေပိုက်လိုင်းအခြေခံအဆောက်အအုံများ၊ မိလ္လာပိုက်လိုင်းနှင့် ရေပိုက်လိုင်းကပ်လျက် တည်ရှိနေသော မြို့ကြီးများတွင် မိုးသည်းထန်စွာရွာသွန်းစဉ်အတွင်း ညစ်ညမ်းမှုအန္တရာယ်ဖြစ်ပွားစေနိုင်သည်။ ဖန်ခွက်ထဲရှိကြည်လင်သန့်ရှင်းသည်ဟုထင်ရသောရေကို သင့်တော်သောစစ်ထုတ်မှု သို့မဟုတ် သန့်စင်ထားသောရေကို သန့်ရှင်းပြီး အဖုံးပါသော ဘူးများတွင် သိမ်းဆည်းပါ။ မလုံခြုံသော အရင်းအမြစ်များမှ ရေကိုအသုံးပြုခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

မိုးရာသီအတွင်းကျန်းမာရေးထိခိုက်နိုင်သူများ

အစားအစာနှင့်ရေမှတစ်ဆင့် ကူးစက်သောရောဂါများကို ခံစားရသူတစ်ဦးချင်းစီအနေဖြင့် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးမှာ အလွန်ကြီးမားပါသည်။ မိုးရာသီအတွင်း အထူးဂရုစိုက်ရမည့်သူများမှာ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် ကိုယ်ခံအားစနစ်ချို့ယွင်းနေသူများပါဝင်သည်။ မိုးရာသီအတွင်း ဖျားခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း သို့မဟုတ် မည်သည့်ဖျားနာမှုမျိုးကိုမဆို ဆရာဝန်နှင့် ပြသသင့်သည်။ အထူးသဖြင့် ဆက်တိုက်ဖျားနာခြင်း၊ ပြင်းထန်သောဝမ်းလျှောခြင်း၊ အန်ခြင်း အစာများထက် အစာခြေရလွယ်ကူသော အိမ်တွင်ပြုလုပ်သည့်အစားအစာများကို ရွေးချယ်ပါ။ အစားအစာများကို အချိန်မှန်စားသုံးပြီး အူလမ်းကြောင်းကျန်းမာရေးကိုအထောက်အကူပြုနိုင်သော ဒိန်ချဉ်ကဲ့သို့ ပရိုဘိုင်အိုတစ်အစားအစာများကို ထည့်သွင်းစားသုံးပါ။ အလွန်အကျွံစားခြင်းသည် ဗိုက်အောင့်ခြင်းနှင့် အစာမကြေခြင်းကို ပိုမိုဆိုးရွားစေနိုင်သောကြောင့် ရှောင်ကြဉ်ပါ။ လှုပ်ရှားမှုမရှိခြင်းသည် အစာခြေခြင်းကို နှေးကွေးစေသောကြောင့် အစာစားပြီးနောက် ပေါ့ပါးသောလှုပ်ရှားမှုများ ပြုလုပ်ပြီးတက်ကြွစွာနေထိုင်ပါ။ ကျိုချက်ထားသောရေသို့မဟုတ် ကောင်းစွာသန့်စင်ထားသောရေကိုသာသောက်သုံးပါ။ အစားအစာများကို ယင်ကောင်နှင့် ပိုးမွှားများထိတွေ့မှုမရှိစေရန် အုပ်ဆောင်းများသို့မဟုတ် လေလုံသောဘူးများတွင် သိမ်းဆည်းပါ။ ရောဂါပိုးပျံ့နှံ့မှုကို လျှော့ချရန် အစားအစာ၊ အသုံးအဆောင်များနှင့် ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားပါ။ အိမ်သာများနှင့် မီးဖိုချောင်များကိုသန့်ရှင်းစွာထားပါ။

လက်သန့်ရှင်းရေး

လက်သန့်ရှင်းရေးသည်လည်း ရောဂါကာကွယ်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သဖြင့် လက်ကို မှန်မှန်ဆေးကြောပါ။ အထူးသဖြင့် အစာမစားမီနှင့် ရေအိမ်အသုံးပြုပြီးနောက် လက်ကို ဆပ်ပြာဖြင့် ဆေးကြောပါ။ လက်သန့်ရှင်းရေးကောင်းမွန်ခြင်းသည် အူလမ်းကြောင်းပိုးဝင်ခြင်းနှင့် ရောဂါပိုးပျံ့နှံ့မှုကို လျော့နည်းစေသည်။

အချုပ်အားဖြင့်ဆိုရသော် မိုးရာသီတွင် သန့်စင်ပြီး ဘေးကင်းသောရေကို သောက်သုံးခြင်း၊ လတ်ဆတ်သော ပူပူနွေးနွေး အစားအစာများစားသုံးခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်းနှင့် အန္တရာယ်ရှိသော လမ်းဘေးအစားအစာများကို ရှောင်ကြဉ်ခြင်းဖြင့် အစာအိမ်နှင့် အူလမ်းကြောင်းကျန်းမာရေးကို ကာကွယ်နိုင်ကြောင်း ကျန်းမာရေးသုတအနေဖြင့် ရေးသားလိုက်ရပါသည်။

ဒေါက်တာသိဂီကျော်

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲကို ဩဂုတ်လ ၁၀ ရက်က ဒဂုံ(တောင်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံမြို့သစ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်သူဇာတို့က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ ဒဂုံ(တောင်ပိုင်း)မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ၏ အာဟာရချက်ပြုတ်ယှဉ်ပြိုင်နေမှုကို ဒိုင်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပထမဆုရ ဒဂုံ(တောင်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရ ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ တတိယဆုရ ဒဂုံ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အထူးဆုရ ဒဂုံ(မြောက်ပိုင်း)မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့ကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

နေမျိုးအောင်

ပန်းတောင်းမြို့နယ်၌ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

ပန်းတောင်း ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ မိုးရာသီကာလ ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်များကျရောက်လာပါက အချိန်မီတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၁ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက ရေဘေးအန္တရာယ်ဖြစ်ပွားလာပါက အချိန်မီတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပြည်သူများပူးပေါင်းကာ ရေဘေးရှောင်စခန်းများ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများနှင့် လူအင်အားစုဖွဲ့ထားရှိခြင်း၊ မြစ်ရေအခြေအနေနှင့် မိုးလေဝသသတင်းများကို အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်း စသည်ဖြင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက မိမိတို့ကြိုတင်ပြင်ဆင်စုဆောင်းထားရှိမှုအခြေအနေများကို အသီးသီးဆွေးနွေးတင်ပြကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

တမူးမြို့၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ (မိုးရာသီ)အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



တမူး ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ (မိုးရာသီ)အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၀ ရက် နံနက်ပိုင်းတွင် မြို့နယ် ပြည်သူ့အားကစားကွင်း၌ကျင်းပသည်။

တမူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းကိုကို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်း၊ ခရိုင်ပညာရေးမှူး ဦးချစ်ငွေနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးစောစီးစယ်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ထို့နောက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်" တေးသီချင်းဖြင့် သရုပ်ပြ ကပြဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ဖွင့်ပွဲ ပွဲစဉ်အနေဖြင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(A)အသင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(B) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(B)အသင်းမှ လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ (မိုးရာသီ)အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အသက် ၁၃ နှစ်အောက် ပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ အသက် ၁၆ နှစ်အောက် ပြိုင်ပွဲဝင်အသင်း ငါးသင်း တို့ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ်လ ၁၀ ရက်မှ ၁၆ ရက်ထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဦးကျော်သူရ

ကန့်ဘလူမြို့နယ်၌ ဆီထွက်သီးနှံစုံ ၄၇၈၄၂ ဧက စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် ဆီထွက်သီးနှံစုံဧက ၅၂၅၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်၍စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၄၇၈၄၂ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ကန့်ဘလူမြို့နယ်မှာ ဆီထွက်သီးနှံစုံ ၅၂၅၀၃ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ဒီနေ့အထိ ၄၇၈၄၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ကန့်ဘလူမြို့နယ်၌ ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၄၇၄၁၃ ဧက၊ နှမ်း ၇၈ ဧကနှင့် နေကြာ ၃၅၁ ဧကတို့ဖြစ်ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအားလုံးအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြဲတွေးလျက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့်ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်း ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

သရက်မြို့၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးလှုပ်ရှားမှုများဆောင်ရွက်

သရက် ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းအခမ်းအနားကို ဩဂုတ်လ ၁၁ ရက် နံနက်ပိုင်းတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သရက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ရှင်းရှင်းသန့်က စနစ်တကျသွားတိုက်နည်းအကြောင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ ခြင်ကျားနှင့် ပိုးလောက်လမ်း နှိမ်နင်းပေးမှုအကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရေပြား၊ သွားနှင့် ခံတွင်း၊ မျက်စိ၊ နား၊ လည်ပင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ဝ၆:၀၃ တရားတော်
၂။ ဝ၆:၄၅ ဓမ္မပူဇာတေး
၃။ ဝ၇:၀၀ နယ်လှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့
၄။ ဝ၈:၃၀ မောင်မယ်လေးများသိစေချင်
၅။ ဝ၉:၀၀ Beauty and Healthy Tips
၆။ ၁၉:၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၁၈)**

MWD Variety Channel

၁၂-၈-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

၁။ ၁၁:၃၅ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၂။ ၁၂:၄၀ မှတ်တမ်းအစီအစဉ်(အပြည်ပြည်ဆိုင်ရာလူငယ်များနေ့)
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၅:၅၀ ဗုဒ္ဓဓမ္မအသိများ တိုးပွားရကြစေ
၅။ ၂၁:၅၀ ကွယ်လွန်ထင်ရှားအနုပညာရှင်များ (နွေအလှသီကျူးအတာဆိုတဲ့ထိုသူ ဇော်ဝမ်း)

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်ဂုဏ်ပြုကဗျာ

ယနေ့လူငယ် အဖြူထည်

ယနေ့လူငယ်
အဖြူထည် မောင်မယ်များ။
မိဘနှစ်ဖြာနဲ့
နိုင်ငံ့ ရတနာမို့
အရေးပါ အရာရောက်အောင်
စောင့်ရှောက်စို့လား။

ယနေ့လူငယ်
အဖြူထည် မောင်မယ်များ။
ဗလငါးတန်နဲ့
ဘဝအားမာန် မြင့်တင်ပေးကာ
မွေးမြူစို့လား။

ယနေ့လူငယ်
အဖြူထည် မောင်မယ်များ။
စည်းကမ်း အခြေတည်လို့
မသွေဖည် မတိမ်းစောင်းအောင်
ထိန်းကျောင်းစို့လား။

ယနေ့လူငယ်
အဖြူထည် မောင်မယ်များ။
ပညာခေတ်မှာလ
သင်စရာအသစ် အစုံအလင်မို့
အကုန်အစင် သင်ယူကျွမ်းအောင်
လမ်းဖွင့်လို့ထား။

ယနေ့လူငယ်
အဖြူထည် မောင်မယ်များ။
ရိုးရာ အမွေအနှစ်ရယ်နဲ့
အမျိုးဘာသာ အခြေအမြစ်ကိုလ
အသရေလှစ် မျိုးဆက်ခံမို့
တိုးတက်ရန် ရည်သန်ထမ်း
စွမ်းရည်ပြည့်အား။

ယနေ့လူငယ်
အဖြူထည် မောင်မယ်များ။
နိုးကြား သွက်လက်လျင်လို့
ထက်မြက်အစဉ် ဉာဏ်ရည်ဖြန့်တဲ့
နိုင်ငံ့အင်အား။ ။

မောင်ချစ်ကြည်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကေသီကျော်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဝန်မြစ်ကြောင်းတစ်လျှောက် မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁၁

ဝန်မြစ်ကြောင်းတစ်လျှောက်မြစ်ကမ်းထိန်းလုပ်ငန်းများ၊ သောင်ထွန်းနေရာများတွင်သဲနုန်းတူးဖော်ခြင်း၊ဖြတ်မြောင်းတူးခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ လိုအပ်ပါက ပန်းတာဖြတ်တာများ ဆောင်ရွက်နိုင်ရေး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ထိုက်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့က ဟသံတမြို့နယ် အလယ်စုကျေးရွာအနီး ဝန်တာတာမိုင် ၁၁/၁ နှင့် ၁၁/၃ အတွင်း၊ လေးမျက်နှာမြို့နယ် ရေလဲကျေးရွာအနီး ဝန်တာ တာမိုင် ၂၀/၄ နှင့် ၂၀/၅ အတွင်း၊ ညောင်ပင်ဝဲကျေးရွာအနီး တာမိုင် ၂၃/၀ နှင့် ၂၄/၀ အတွင်း ၊ ကျောင်းစုကျေးရွာအနီး တာမိုင် ၂၄/၁ နှင့် ၂၄/၃ အတွင်းရှိ ဝန်ရေကာတာ၏ ကြံ့ခိုင်မှု၊ ဝန်မြစ်ကြောင်းတစ်လျှောက် ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှုနှင့် သဲသောင်ဖြစ်ပေါ်နေမှု၊ ထိန်ဉ ကျေးရွာအနီး (Floating Unit) သဲအိတ်ဆွဲသစ်ကိုင်းချဝါးဖောင်ပြုလုပ်ခြင်းလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် လေးမျက်နှာမြို့နယ်ရှိ ဝန်တာတာမိုင် ၂၅/၃ တွင် တာတမံနိမ့်ကျမှု ဖြစ်ပေါ်ခဲ့ရာ ရေတိုက်စားမှုလျော့ကျစေရန် Geo-Bag ချခြင်း၊ Geo-Bag ဖြင့် ရေလွှဲရေကာပြုလုပ်ခြင်း၊ တာတာမံရေထိမျက်နှာပြင်နှင့် ဆက်စပ်နေရာများအား Geo textile အစများ၊ Geo-Bag များဖြင့် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေနက်ရေစီးလမ်းကြောင်းအား ဆက်လက်တားဆီးပိတ်ဆို့နိုင်ရေး Steel Sheet Pile များရိုက်ခြင်း၊ သဲစုပ်သင်္ဘောများ၊ ရေယာဉ်များဖြင့် Geo-Bag အိတ်ကြီးများ နေရာချခြင်း၊ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများတွင်ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်



ပုသိမ် ဩဂုတ် ၁၁

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ယန္တရား၊ မျိုးစေ့နှင့် သွင်းအားစုများ ကြိုတင်ပြင်ဆင်ထားရန်နှင့် စာသင်ကျောင်း၊ ဆေးရုံနှင့် ဌာနဆိုင်ရာရုံးများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်၊ ဌာနဆိုင်ရာများအနေဖြင့် မူလတာဝန်များနှင့်အတူ ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့နံနက်ပိုင်းတွင် ဟသံတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ကျုံပျော်မြို့နယ် ကျောင်းစုကျေးရွာရှိ စိုက်ကေ ၁၀ ဧကတွင် စိုက်ပျိုးထားသော ၂၀၂၆-၂၀၂၇ ခုနှစ်မိုးစပါး ရာသီ RS to CS မှော်ဘီ-၃ မျိုးစေ့ထုတ်စိုက်ခင်းနှင့် စပါးမျိုး ၁၀ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များကို ကြည့်ရှုအားပေးသည်။

ယင်းအပြင် ကျုံပျော်မြို့နယ် သဖန်းချောင်းကျေးရွာမှ အသက် ၁၂၀ ရှိ အဘိုးဦးစိန်ငွေအား နိုင်ငံတော်သမ္မတ၏ ဂါရဝပြုလှုဒါန်းငွေ၊ ဆန်၊ ဆီနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို သွားရောက်ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထို့အတူ အမျိုးသားလွတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးဝန်ထမ်းမိသားစုများက ရောဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် ဆန်အိတ် ၁၀၀ လှူဒါန်းပွဲသို့ တက်ရောက်၍ ဆန်အိတ်များ လက်ခံရယူပြီး သဃ်နဲ်းဒေါင့်ကျေးရွာကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်သည်။

အလားတူ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် အုတ်ပုံရိုးချောင်းအတွင်း ရေဝင်ရောက်နေမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဝန်မြစ်ရေတိုက်စားမှုကြောင့် ဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ တာတမံနိမ့်ကျသည့်နေရာတွင် Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၁

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝန်တာတွင် ဝန်မြစ်ရေတိုက်စားမှုကြောင့် ဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေကျော်စီးဝင်သည့် နေရာတွင် Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်နှင့် တာဝန်ရှိသူများသည် အဆိုပါ Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက တာတမံကာရံပိတ်ဆို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တာတမံနိမ့်ကျ၍ ရေကျော်စီးဝင်သည့်နေရာ၌ Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းသုံးအထောက်အကူပြုပစ္စည်းရောက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြ၍ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

Sheet Pile ရိုက်သွင်းရာတွင် သံချောင်းအရေအတွက်မှာ ၂၈၆ ချောင်းရိုက်သွင်းရမည်ဖြစ်ရာ ယနေ့အထိ ရိုက်သွင်းပြီးစီးမှုမှာ ၅၅ ချောင်း ရိုက်သွင်းဆောင်ရွက်ခဲ့ပြီး ကျန်ရှိသောလုပ်ငန်းများအား စက်ယာဉ်/ယန္တရားများဖြင့်လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဟသံတ – မြို့ကွင်း – ကွင်းကောက်လမ်းပေါ်ရှိ ဝန်တံတားး (မြို့ကွင်း)သို့ရောက်ရှိရာ ဝန်မြစ်ရေလမ်းကြောင်း စီးဆင်းမှုအခြေအနေနှင့် တံတားကြီး ရေတိုက်စားမှုမရှိစေရေး၊ တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၁

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာ ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့်ရေဘေးလွတ်ရာနေရာသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

ဦးစိုးသက်နောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ ရောမမြို့မှ သံရုံးယာယီတာဝန်ခံ/သံအမတ် ဦးစိုးသက်နောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာအထူးအာဏာကုန်လွန်အပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **မြဝတီ**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

(၃၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ



နေပြည်တော် ဩဂုတ် ၁၁

(၃၇)ကြိမ်မြောက်အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (37th ASOEN and Related Meetings) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူပြီး Virtual စနစ်ဖြင့် ဩဂုတ်လ ၁၀ ရက်မှ ၁၃ ရက်အထိ လက်ခံကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

(၃၇)ကြိမ်မြောက်အာဆီယံပတ်ဝန်းကျင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ PARKROYAL Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ရာသီဥတုပြောင်းလဲမှု၊ ပလတ်စတစ်ညစ်ညမ်းမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုနှင့်နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ပြဿနာအပါအဝင် ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်ဗဟိုဌာနများပူးပေါင်း၍ လက်တွဲဖြေရှင်းဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့ပြင် ASOEN ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတဝန်ကြီးဌာန၊ မူဝါဒ၊ စီမံကိန်းနှင့် နိုင်ငံတကာရေးရာဌာန၏ ဒုတိယဝန်ကြီး H.E. Attorney. Jonas R. Leones က Online မှ ပါဝင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၊ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနနှင့် အာဆီယံအထူးပြုမိုးလေဝသဗဟိုဌာနတို့မှ ကိုယ်စားလှယ်များလည်း Online မှ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ဒေသထွက်ကုန်များ ပါဝင်ခင်းကျင်းပြသသွားမည်

ပဲခူး ဩဂုတ် ၁၁

(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့်ဒေသထွက်ကုန်များ ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း MSME ထုတ်ကုန်များ သွားရောက်ပြသနိုင်ရေးညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် MSME ထုတ်ကုန်များ သွားရောက်ပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဆန်စပါးနှင့် ပဲအမျိုးမျိုး ထွက်ရှိသည့် တိုင်းဒေသကြီးဖြစ်၍ တန်ဖိုးမြှင့်ဆန်နှင့် ပြည်ပပို့ကုန်အဆင့်မီသော တန်ဖိုးမြှင့်ပဲအမျိုးမျိုးကို တိုက်ရိုက်ချိတ်ဆက်တင်ပို့ရောင်းချနိုင်ရေး Information Center တစ်ခုထည့်သွင်းပြသရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက ပြခန်းများခင်းကျင်းပြသနိုင်ရေး၊ ပြည်ပစျေးကွက်ခိုင်မာစွာရရှိရေး၊ (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲခရီးစဉ်နှင့် ခင်းကျင်းပြသသွားမည့် MSME ဒေသထွက်ကုန်ပစ္စည်းများ၏အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တောင်ဂူကွန်ပျူတာတက္ကသိုလ်နှင့် ပြည်ကွန်ပျူတာတက္ကသိုလ်တို့မှဒေသထွက်ကုန်များကိုတစ်နေရာတည်း လွယ်ကူစွာချိတ်ဆက်မှာယူနိုင်ရေး Bago-productzone Website နှင့် Mobile Application တည် ဆောက် ပြီးစီး၍ e-Service ဖြင့် စတင်ဆောင်ရွက်နိုင်သည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

အလားတူ ဌာနဆိုင်ရာများက (၂၃) ကြိမ်မြောက် တရုတ် – အာဆီယံကုန်စည်ပြပွဲတွင် ပုဂ္ဂလိကMSME လုပ်ငန်းရှင်များ လိုက်ပါပြသနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးမည့်အခြေအနေနှင့် ပုဂ္ဂလိက MSME လုပ်ငန်းရှင်များက ပြသသွားမည့်ကုန်စည်တစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ဥဿာတိုင်းသား**

ဥက္ကလာဂေါက်ကွင်းတွင်တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၁၁



ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးဆုံးနေရာတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း၂၇ ကျင်းပါဝင်သော ဂေါက်ကွင်းအဖြစ် အဆင့်မြင့်တင်ထားရှိကာ နေ့ဘက်တွင် မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများအပါအဝင် အဆင့်မီဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း/ပြည်ပ ဂေါက်သီးရိုက်အားကစားသမားများ အများအပြားလာရောက် ကစားလျက်ရှိရာ ဩဂုတ်လ ၁၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ် အချိန်တွင်ဂေါက်သီးရိုက်ကစားသမား ဦးစံမြင့်သည် ကစားဖော်များဖြစ်သော ဦးစန်းလွင်အောင်၊ ဦးထွေးလှ၊ ဦးဝင်းမြင့် တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၇)၌ SRIXON-Z ဘောလုံးကို Tech Edge Wood-5 တုတ်ဖြင့် ၁၄၇ ကိုက် အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One) သွားခဲ့သည်။

Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ်တာယာနှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် ငါးကြိမ်လက်မှတ်များကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် လာရောက်ကစားသူများမှ Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် ၁၀၀ ကြိမ်မြောက် ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းအဖြစ် အဆင့်မြင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီးလာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်လူသတ်အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၁၁-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၁၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း



နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်ဆိုထင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်ခိုင်ခိုင်အောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် သွေးလှူရှင် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ တွင် စုပေါင်းသွေးလှူဒါန်းသည့် ဝန်ထမ်းများကို အားပေးစကား ပြောကြားပြီး အားဖြည့်အစားအစာများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ကာ ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့ပြင် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အထွေထွေကျန်းမာရေးနှင့် မျက်စိကျန်းမာရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

မြဝတီ

နည်းပညာတက္ကသိုလ်(မကွေး)၌ ၃၄ ဦးဆုံ သုံးထပ် RCC ဆရာ၊ ဆရာမဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ



မကွေး ဩဂုတ် ၁၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (မကွေး)၌ သုံးထပ် RCC ဆရာ၊ ဆရာမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပြင်ပရေဂါလန် ၆၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ (၆ ပေ ၉ လက်မ x ၅ ပေ) အကျယ်ရှိရေစက်အိမ် တည်ဆောက်ခြင်း၊ ပြင်ပမီးသွယ်တန်းခြင်း၊ (၁၀၀ ပေ x ၁၂ ပေ x ၈ လက်မ) ကွန်ကရစ်အဝင်လမ်းခင်းကျင်းခြင်းလုပ်ငန်းများကို ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်မည့် ၃၄ ဦးဆံ့ သုံးထပ် RCC ဆရာ၊ ဆရာမဆောင် မင်္ဂလာပန္နက်တင် အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ်၌ကျင်းပခဲ့ရာ မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်ကိုကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများက သတ်မှတ်နေရာ အသီးသီး၌ မင်္ဂလာပန္နက်ရိုက် စိုက်ထူပေးကြပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ သုံးထပ် RCC ဆရာ၊ ဆရာမဆောင်တည်ဆောက်မည့်နေရာနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံ့အတွက် လိုအပ်လျက်ရှိသော အင်ဂျင်နီယာလူ့စွမ်းအားအရင်းအမြစ်များကိုနှစ်စဉ် မွေးထုတ်ပေးလျက်ရှိသည့် နည်းပညာတက္ကသိုလ် (မကွေး) တွင် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၆၃ ဦးရှိပြီး အိပ်ဆောင်ငါးလုံး၌ နေရာချထားပေးလျက်ရှိရာ ယခုအိပ်ဆောင်သစ်တည်ဆောက်ပြီးစီးပါက တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ၊ ဆရာမများအနေဖြင့် ပိုမိုကျယ်ဝန်းအဆင်ပြေစွာနေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ထန်းတပင်မြို့နယ်ရှိ အဘိုး ဦးသိန်းအောင် အသက် ၁၂၁ နှစ်အား သစ်သီးခြင်း၊ ဆန်၊ ဆီနှင့်အလှူငွေများပေးအပ်



ရန်ကုန် ဩဂုတ် ၁၁


ရန်ကုန်တိုင်းဒေသကြီး မော်ဘီခရိုင် ထန်းတပင်မြို့နယ်တက်သစ်ကျေးရွာအုပ်စု တပ်ရွာကျေးရွာရှိ အဘိုးဦးသိန်းအောင် အသက် ၁၂၁ နှစ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကန်တော့ပြီး သစ်သီးခြင်း၊ ဆန်၊ ဆီနှင့် အလှူငွေများပေးအပ်သည်။

ဆက်လက်၍ အင်းစိန်ခရိုင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ်လမ်းရှိ ဗိုလ်အောင်ကျော်လမ်းမှ မင်္ဂလာလမ်းအထိ ပန်းခြံ၊ ပန်းအလှပင်များ၊ အရိပ်ရအပင်များ၊ လူသွားလမ်း၊ လျှပ်စစ်မီးတိုင်ဆောင်ရွက်နေမှုနှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းနှင့် ကျန်စစ်သားလမ်းကြား ပေါင်းကူးလမ်းရှိ Grand Hlaing Thar Yar အိမ်ရာစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးရှု၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုနိုးဆွတင်ရေးပွဲတော်ကို ဖွင့်လှစ်ပေးပြီး စာရေးဆရာလင်းသိုက်ညွှန့်(မြန်မာ့မြေ)က စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် စာပေဟောပြောရာ စာရေးဆရာလင်းသိုက်ညွှန့်(မြန်မာ့မြေ)အား ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာပေစကားဝိုင်းတို့ကို ကြည့်ရှုအားပေးပြီး ပါဝင်ဆွေးနွေးသူများကို လက်ဆောင်များပေးအပ်၍ ပြိုင်ပွဲယှဉ်ပြိုင်မှုအတွက် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄°C	/	၃၀°C
ရန်ကုန်	၂၄°C	/	၃၀°C
မန္တလေး	၂၆°C	/	၃၄°C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့(၂၀၂၆)

အပြည်ပြည်ဆိုင်ရာ
လူငယ်များနေ့အထိမ်းအမှတ်
ဂုဏ်ပြုဆောင်းပါး

ယနေ့လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်သလို အနာဂတ်နိုင်ငံတော်၏ အကောင်းအဆိုးသည်လည်း ယနေ့လူငယ်များရဲ့ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့အပေါ် မှီတည်နေသောကြောင့် လူငယ်မောင်မယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျ ပြုစုပျိုးထောင်ပေးခြင်းသည် နိုင်ငံတော်ရဲ့ အနာဂတ်ကို အကောင်းဆုံးပုံဖော်ဖန်တီးခြင်းပင်ဖြစ်ပေသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ချမှတ်ထားသည့် ဆောင်ပုဒ်မှာ **"နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား"** (Different Contexts, Common Aspirations) ဟူ၍ ဖြစ်သည်။ ဒီဆောင်ပုဒ်ရဲ့ အနှစ်သာရကတော့ လူငယ်တွေရဲ့ နေထိုင်မှုအခြေအနေ၊ ယဉ်ကျေးမှုနဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအဆင့် မတူညီပေမယ့် သူတို့ရဲ့ အိပ်မက်များ၊ ရည်မှန်းချက်များမှာ ဆင်တူကြသည်။ ထို့ပြင် ဂုဏ်သိက္ခာ၊ အခွင့်အလမ်း၊ အရည်အချင်းပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်မှု၊ အလုပ်အကိုင်ကောင်း၊ အရည်အသွေးပြည့်ဝတဲ့ ပညာရေးနဲ့ ရေရှည်တည်တံ့သော ဘေးကင်းလုံခြုံသည့်အနာဂတ်ကို လူငယ်အားလုံးက မျှော်လင့်လျက်ရှိကြောင်း မီးမောင်းထိုးပြထားသည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ပေါ်ပေါက်လာပုံ

၁၉၉၁ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပထမအကြိမ် လူငယ်ဖိုရမ်ကို ကျင်းပခဲ့သည်။ အဆိုပါဖိုရမ်မှ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ကျင်းပနိုင်ရန် အဆိုပြုခဲ့ရာမှ ၁၉၉၈ ခုနှစ် ဩဂုတ်လ ၈ ရက်မှ ၁၂ ရက်အထိ ပေါ်တူဂီနိုင်ငံ၊ လစ်စဘွန်းမြို့မှာ ကုလသမဂ္ဂနဲ့ ပူးပေါင်းကျင်းပခဲ့တဲ့ ပထမအကြိမ် လူငယ်ရေးရာဝန်ကြီးများ ကမ္ဘာ့ညီလာခံ (World Conference of Ministers Responsible for Youth) က ဩဂုတ်လ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်ရန် အကြံပြုခဲ့သည်။ နောက်တစ်နှစ်ဖြစ်တဲ့ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်အမှတ် ၅၄/၁၂၀ ကနေ ဒီဆုံးဖြတ်ချက်ကို တရားဝင် အတည်ပြုခဲ့ပြီး နှစ်စဉ် ဩဂုတ်လ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ရည်ရွယ်ချက်

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကျင်းပရခြင်းမှာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူငယ်ဖွံ့ဖြိုးမှုသည် အားလုံး၏ တူညီသည့်တာဝန်ဖြစ်သည်ဆိုသည့် ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုကို မြှင့်တင်ရန်၊ ပညာရေး၊ အလုပ်အကိုင်၊ ရာသီဥတုပြောင်းလဲမှု၊ ဒီဂျစ်တယ်သုံးစွဲခွင့်နဲ့ စိတ်ကျန်းမာရေးကဲ့သို့ လူငယ်များ ကြုံတွေ့နေရတဲ့ မျှဝေခံစားနိုင်သော စိန်ခေါ်မှုများကို ဖြေရှင်းရန်၊ အရင်းအမြစ်အကန့်အသတ်များကြားမှရာသီဥတုထိန်းသိမ်းရေး၊ ဒီဂျစ်တယ်စွမ်းဦးတီထွင်မှုနဲ့ ရပ်ရွာအခြေပြုလှုပ်ရှားမှုများတွင် လူငယ်များ၏ ဆန်းသစ်တီထွင်သော ဖြေရှင်းနည်းများကို အသိအမှတ်ပြုရန်နှင့် ဂုဏ်ပြုရန်ပင်ဖြစ်သည်။ ဒီရည်ရွယ်ချက်တွေအားလုံးရဲ့ အခြေခံအကျဆုံး ရည်မှန်းချက်ကတော့ "မည်သူ့ကိုမျှ နောက်ကျမကျန်စေရ" (leave no one behind) ဆိုတဲ့ မူအရ နောက်ကျကျန်နေတဲ့ လူငယ်တွေကိုပါ အထူးအလေးပေးပြီး လူငယ်အားလုံး ဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးရန်အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်သည်။

ယနေ့လူငယ်များ ရင်ဆိုင်နေရသော အခက်အခဲများ

ယနေ့ခေတ် ကမ္ဘာကြီးသည် အကျပ်အတည်းများ၊ အခက်အခဲများကြား၊ အပြိုင်အဆိုင် စိန်ခေါ်မှုများကြားတွင် ရုန်းကန်လှုပ်ရှားလျက်ရှိသည်။ ထိုကမ္ဘာကြီး၏ ရိုက်ခတ်မှုများကို အသက်အရွယ်အားဖြင့် နုနယ်သော၊ အသိပညာနည်းပါးသော၊ အတွေ့အကြုံအားဖြင့် မရင့်ကျက်သေးသော လူငယ်အများစုမှာ အများဆုံးကြုံတွေ့နေကြရသည်။ နေရာတိုင်းလိုလိုတွင်ဘေးကင်းလုံခြုံသောအလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်း၊ ငြိမ်းချမ်းမှုအပြည့်အဝမရှိသော ဒေသများမှ လူငယ်များ အေးချမ်းစွာပညာသင်ကြားခွင့်မရခြင်း၊ ပညာသင်ကြားခွင့်ရသော်လည်း အောင်လက်မှတ်၊ ဘွဲ့လက်မှတ်ရရှိရေ့တွင် ဆူပူကြိမ်းမောင်းခြင်း၊ ကိုယ်ထိလက်ရောက်ဆုံးမခြင်းများကို ရှောင်ကြဉ်ကြပါဟု တိုက်တွန်းလိုသည်။ လူငယ်များကို ဆုံးမရာတွင် သူများနှင့်နှိုင်းယှဉ်လွန်းသည်ကို လူငယ်များက သဘောမတွေ့လှပါ။ ၎င်းတို့သည် ကိုယ့်ဖြစ်တည်မှု၊ ကိုယ့်ရပ်တည်ချက်၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အောင်မြင်အောင် ကြိုးစားလိုကြသည်။ ဒါကို မိဘက သူများနှင့်နှိုင်းယှဉ်ပြီး ပြောဆိုဆုံးမလွန်းပါက မိမိ၏သားသမီးများ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းသွားကာ သိမ်ငယ်သွားမည်ကို သတိချပ်သင့်သည်။ လောကတွင် အမှားအများစုမှာ လူငယ်ဘဝတွင် မှားခဲ့ရာမှ နောက်ဆုတ်မရဘဲ ခက်ခဲသွားတတ်ကြသည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း ဒါကျက်၊ ဒါဖြေ၊ ငါပြောသလိုဖြေမှ အမှတ်ရမယ် ဆိုတာမျိုး မဖြစ်သင့်ဘဲ လူငယ်များ၏ Creativity ကို အားပေးရမည်ဖြစ်သည်။ ပုစ္ဆာတစ်ခုတွင် ဆရာက ချည်း မေးခွန်းမေးနေတာမျိုးထက် ကျောင်းသားကိုလည်း အပြန်အလှန် မေးခွန်းမေးခွင့်ကို လမ်းဖွင့်ပေးထားရမည်။ သို့မှသာ တီထွင်ကြံဆမှုကို ရရှိကြမည်ဖြစ်ပြီး နောင်အာကာသသိပ္ပံနှင့် နည်းပညာလောကတွင် ဦးဆောင်နိုင်သူများ ဖြစ်လာပေမည်။

လူငယ်နှင့် စာဖတ်ခြင်း

ယနေ့အချိန်သည် နည်းပညာခေတ် ဆိုသော်လည်း စာဖတ်ခြင်းနှင့်ဝေးကွာ၍ မဖြစ်ပါ။ လူငယ်တိုင်း နေ့စဉ် အင်တာနက်ပေါ်က စာများထက် အသိဉာဏ်၊ စာရိတ္တကို မြင့်မားစေမည့် စာပေများ နေ့စဉ်ဖတ်ရှုသင့်သည်။ လူငယ်များအတွက် အကောင်းဆုံးလမ်းပြပေးနိုင်မည့် စိတ်ခွန်အားကို ပေးစွမ်းနိုင်သည့် တစ်ခုတည်းသော အရာမှာ စာဖတ်ခြင်းပင်ဖြစ်သည်။ စာဖတ်သောသူနှင့် စာမဖတ်သောသူသည် ဆယ်စုနှစ်တစ်ခုအကြာတွင် လုံးဝခြားနားသွားသည်။ စာဖတ်သောသူမှာ စာပေမှ ပေးသော သုတ၊ ရသ၊ ဘဝအတွက်ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများကို သိမြင်ပြီး အမှားနှင့်အမှန်ကို ကွဲပြားစွာ ခွဲခြားတတ်လာသည်။ အခက်အခဲအကျပ်အတည်းများကြုံတွေ့လာပါက စာဖတ်သောသူမှာ စာပေမှ ရသော ဗဟုသုတဖြင့် အခက်အခဲကို ယုံကြည်မှုရှိရှိ ဖြေရှင်းနိုင်ပြီး စာဖတ်အားနည်းသောသူမှာ မဖြေရှင်းတတ်ဘဲ အလွယ်လမ်း၊ လမ်းမှားကို လိုက်မိတတ်ကြသည်။ နိုင်ငံတော်အနေဖြင့်လည်း လူငယ်များသာမက လူတိုင်းစာဖတ်အားကောင်းလာစေရန် နယ်လှည့်စာကြည့်တိုက်များ ထူထောင်ပေးခြင်း၊ ရုံး၊ ကျောင်း ဌာနဆိုင်ရာများတွင် စာကြည့်တိုက်များ သီးသန့်ထားရှိစေခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

ဖတ်ရှုလေ့လာခြင်းဆိုသည်မှာ စာပေ၊ အချက်အလက် သို့မဟုတ် အကြောင်းအရာတစ်ခုကို စနစ်တကျဖတ်ရှုပြီး နားလည်သဘောပေါက်၍ လက်တွေ့အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ စာမေးပွဲအတွက်လေ့လာခြင်း၊ ဘာသာရပ်အသစ်ကို သင်ယူခြင်းတို့တွင်အသိပညာ၊ အတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှုရရှိရန် ရည်မှန်းချက်ဖြင့် ရည်ရွယ်ချက်ရှိရှိ ဖတ်ရှုရမည်။ **ကြည့်ရှုလေ့လာခြင်း**ဆိုသည်မှာ မျက်စိ၊ နားသို့မဟုတ် အခြားအာရုံခံနိုင်သော ကိရိယာများဖြင့် အရာဝတ္ထု၊ ဖြစ်စဉ်၊ အပြုအမူ သို့မဟုတ် ပတ်ဝန်းကျင်ကိုစနစ်တကျသတိပြု၍ မှတ်သားကာ နားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ကြည့်ရှုလေ့လာခြင်းသည် လက်တွေ့ဘဝနှင့် သုတေသနလုပ်ငန်းများအတွက် အခြေခံကျသော စွမ်းရည်တစ်ရပ်ဖြစ်သည်။

လူငယ်များနှင့် အချိန်ဖြုန်းခြင်း

လူငယ်များအနေဖြင့် ငယ်ရွယ်နုပျိုစဉ်ဘဝတွင် မှားတတ်ကြသည့်အမှားများတွင် အတုယူမှားခြင်းကြောင့် အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို သုံးမိတတ်ကြသည်။ လူငယ်များအနေဖြင့် ပညာရှာပညာသင်ကြားချိန်တွင် နိုင်ငံရေးအဆိပ်အတောက်ပါသော သတင်းမီဒီယာအင်တာနက်စာမျက်နှာများကို ကြည့်မိ၊ နားထောင်မိရာမှ နိုင်ငံရေးမှိုင်းမိကာ ပညာရေးနှင့် နိုင်ငံရေးကိုမခွဲခြားတတ်ဘဲ လမ်းမှားလိုက်တတ်ကြပေသည်။ ထို့ကြောင့် ပညာသင်ချိန်တွင် ပညာတစ်ခုတည်းကိုသာ ရည်မှန်းချက်ထား၍ ကြိုးစားသင်ယူသင့်သည်။ ထို့ပြင် အချိန်ဖြုန်းခြင်းသည်လည်း ကြီးမားသော အမှားတစ်ခုဖြစ်ပြီး တိုးတက်မှုကို နှောင့်နှေးစေနိုင်သည်။ အချိန်ဖြုန်းခြင်းဆိုသည်မှာ ပညာသင်ချိန်တွင် စာမကြိုးစားဘဲ အပျော်အပါးလိုက်စားခြင်း၊ ရည်းစားထားခြင်းတို့သည် ပညာရေးကို ထိခိုက်စေသည့် အတားအဆီးများဖြစ်ပြီး သတိပြုရှောင်ကြဉ်သင့်သည်။

လမ်းမှားနောက် မလိုက်မိဖို့လို

လူငယ်ဘဝတွင် ကျရှုံးရမှာကို ကြောက်ကြသည်။ စိတ်ရှည်မှု နည်းကြသည်။ အောင်မြင်လိုကြသည်။ ကြိုးစားချင်စိတ်မရှိသော လူငယ်များသည် အောင်မြင်လိုခြင်းကြောင့်ပင် အလွယ်လိုက်ကာ လမ်းမှားရောက်သွားကြသည်။ အချို့လူငယ်များသည် စိတ်ပိုင်းဆိုင်ရာဖိအားများကို ထွက်ပေါက်ရှာသည့်အနေဖြင့် မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို သုံးတတ်ကြသည်။ မူးယစ်ဆေးဝါးများသည် စိုးရိမ်ကြောင့်ကြမှုများကို ဖြစ်စေခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း၊ အားအင်ကုန်ခန်းခြင်း၊ အဖော်မဲ့ အထီးကျန်ခြင်းတို့ကို ဖြစ်ပေါ်စေသဖြင့် စမ်းသုံးခြင်း၊ လက်တည့်စမ်းခြင်းမျှပင်မပြုဘဲ လုံးဝရှောင်ကြဉ်သင့်သည်။ လူငယ်ဘဝကတည်းကစ၍ အိမ်စည်းကမ်း၊ ကျောင်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။ သို့မှသာ အရွယ်ရောက်လာလျှင် လူမှုဆိုင်ရာကျင့်ဝတ်စည်းကမ်းများကိုလိုက်နာသည့် လူကောင်းလူတော်များ ဖြစ်လာပေမည်။ ထို့ပြင် Social media Platform များဖြစ်သော TikTok၊ Facebook၊ YouTube များ အလွန်အမင်းအသုံးပြုခြင်း၊ Game စွဲလမ်းခြင်းများကြောင့် တန်ဖိုးရှိသော အချိန်များကို ဖြုန်းတီးပစ်ခြင်းမှ ရှောင်ကြဉ်ကြရမည်။

စာမျက်နှာ ၁၄ သို့ ■

- **လူငယ်တိုင်း နေ့စဉ် အင်တာနက်ပေါ်က စာများထက် အသိဉာဏ်၊ စာရိတ္တကို မြင့်မားစေမည့် စာပေများ နေ့စဉ်ဖတ်ရှုသင့်သည်။ လူငယ်များအတွက် အကောင်းဆုံးလမ်းပြပေးနိုင်မည့် စိတ်ခွန်အားကို ပေးစွမ်းနိုင်သည့် တစ်ခုတည်းသောအရာမှာ စာဖတ်ခြင်းပင်ဖြစ် . . .**
- **လူငယ်များအနေဖြင့် ငယ်ရွယ်နုပျိုစဉ်ဘဝတွင် မှားတတ်ကြသည့်အမှားများတွင် အတုယူမှားခြင်းကြောင့် အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို သုံးမိတတ်ကြသည်။ လူငယ်များအနေဖြင့် ပညာရှာ ပညာသင်ကြားချိန်တွင် နိုင်ငံရေးအဆိပ်အတောက်ပါသော သတင်းမီဒီယာအင်တာနက်စာမျက်နှာများကို ကြည့်မိ၊ နားထောင်မိရာမှ နိုင်ငံရေးမှိုင်းမိကာ ပညာရေးနှင့် နိုင်ငံရေးကိုမခွဲခြားတတ်ဘဲ လမ်းမှားလိုက်တတ်ကြ . . .**

■ စာမျက်နှာ ၁၃ မှအဆက်

လူငယ်ဘဝတွင် Critical Thinking လည်း ရှိဖို့လိုသည်။ Social media မှာ တွေ့တာမြင်တာကို အကုန်ယုံတတ်ခြင်းကိုလည်း ရှောင်ကြဉ်ရမည်။ နိုင်ငံတော်မှ ထုတ်ပြန်လျက်ရှိသော တရားဝင်သတင်းအချက်အလက်များကိုသာ အသိပညာဖြင့် လက်ခံယုံကြည်တတ်ရမည်။

ယနေ့လူငယ်နှင့် AI နည်းပညာ

ယနေ့ခေတ် လူငယ်များအနေဖြင့် AI ကို ကြောက်စရာမလိုပေ။ အသုံးချတတ်ဖို့သာလိုသည်။ AI က လူကို အစားထိုးမှာ မဟုတ်ဘဲ AI ကို အသုံးချတတ်တဲ့လူက အသုံးမချတတ်တဲ့လူကို အစားထိုးသွားမည်သာဖြစ်သည်။ ထို့ကြောင့်ခေတ်စနစ်အရထွန်းကားလာသော AI နည်းပညာကိုအသုံးချကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အကျိုးရှိစွာ အသုံးချသင့်သည်။ AI နည်းပညာကို အသုံးချကာ English စာနှင့် အခြားဘာသာစကားများကို လေ့လာရာတွင် လေ့လာမှုကို ထိရောက်စေမည့် နည်းလမ်းများကို မေးမြန်းခြင်း၊ AI က ပေးသော နည်းလမ်းများကို အကျိုးရှိစွာအသုံးချ၍ Digital Skill များမြင့်မားလာအောင် ဆောင်ရွက်ခြင်း၊ Communication နှင့် Leadership ပိုင်းတွင် အကျိုးရှိသည့် သင်တန်းများတက်ရောက်နိုင်စေရန် AI Tool များကိုအသုံးချ၍ အချိန်ပိုင်းသင်တန်းများကို လေ့လာခြင်း၊ Online သင်တန်းများတွင် တက်ရောက်ကာ လက်တွေ့နယ်ပယ်တွင် Project Management များကို ဝင်ရောက်လုပ်ကိုင်ခြင်းတို့ဖြင့် AI နည်းပညာကိုအသုံးချ၍ ဘဝတိုးတက်မှုများကို ရှာဖွေရမည်။ AI နှင့် နည်းပညာပြောင်းလဲလာမှုကြောင့် ယခင်က Computer ရိုက်တတ်ရုံနဲ့ အလုပ်ရသော်လည်း ယနေ့ AI အသုံးမချတတ်ရင် အစစအရာရာ နောက်ကျသွားနိုင်သည်ကို လူငယ်များသတိချပ်သင့်သည်။

လူငယ်များနှင့် ကျန်းမာရေး

ယနေ့ လူငယ်၊ နောင်ဝယ်လူကြီး ဆိုရိုးစကားအရ လူကြီးဘဝသို့ရောက်မှ ကျန်းမာရေးကို ဂရုစိုက်ခြင်းထက် လူငယ်ဘဝမှစ၍ပင် ကျန်းမာရေးကို ဂရုစိုက်သင့်သည်။ ယနေ့ခေတ်လူငယ်များတွင် ပိန်လှီသူ၊ မျက်မှန်တပ်ဆင်ထားသူများကိုတွေ့ရှိလာရသလို အဝလွန်သူများလည်း ရှိလာကြသည်။ အကြောင်းမှာ လူငယ်များအနေဖြင့် ဟုန်းများကို အလွန်အမင်း ခင်တွယ်လာကြသည်။ ကျန်းမာရေးအတွက် အားကစားလုပ်ချိန်များကို ဖုန်းကိုင်ရင်း ဖုန်းပွတ်ရင်းနှင့်ပင် ကုန်ဆုံးခဲ့ကြသည်။ ငယ်ရွယ်လွန်းသူများကိုလည်း မိဘများက ကလေးမငို့လျှင်ငြိုးတာဘဲ ငြိမ်နေလျှင်ငြိုးတာပဲဆိုပြီး ဖုန်းပေးထားတတ်ကြသည်။ ထိုသို့ ဖုန်းပေးထားခြင်းသည်ပင် လူငယ်များအတွက် ငယ်စဉ်ကတည်းက ဖုန်းနှင့်ရင်းနှီးလာရသော အကြောင်းတစ်ခုဖြစ်လာခဲ့သည်။ Screen Time များသော လူငယ်များသည်ကျန်းမာရေးအတွက်အထောက်အကူဖြစ်စေသော အားကစားများကို လျစ်လျူရှုတတ်ကြသည်။ ယနေ့ခေတ်သည် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူငယ်များအတွက် အားကစားနှင့် ကစားခုန်စား လှုပ်ရှားမှုများပြုလုပ်ခြင်း၊ အားကစားသင်တန်းများ တက်ရောက်သင်ကြားခြင်း၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းတို့သည် လူငယ်များ၏ စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကိုယ်ကာယကြံ့ခိုင်ဖွံ့ဖြိုးမှုများအတွက်လည်း အရေးကြီးပြီး ကျန်းမာရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အတွက် လူငယ်ဘဝမှစ၍ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်သူများဖြစ်လာအောင် လေ့ကျင့်လုပ်ဆောင်ပေးရမည်ဖြစ်သည်။

ပြုလုပ်သင့်သော အားသာချက်များ

ခေတ်စနစ်ပြောင်းလဲမှုအရ ယခုခေတ်လူငယ်များသည် IT နည်းပညာများကို လေ့လာလိုက်စားလိုစိတ်ရှိပြီး ထိုနည်းပညာများကိုလည်း သင်ယူတတ်မြောက်လွယ်ကူကြသူများဖြစ်ကြသည်။ လူငယ်များသည် Zoom၊ Slack၊ Trello၊ Microsoft Teams စသည့် Online Collaboration Tools များကိုအသုံးပြု၍ အုပ်စုလိုက်ဆွေးနွေးခြင်း၊ လုပ်ငန်းတာဝန်များ ခွဲဝေခြင်း၊ ပရောဂျက်များကို အချိန်နှင့်တစ်ပြေးညီ စီမံခြင်း စသည့် ဒီဂျစ်တယ် ပလက်ဖောင်းများမှတစ်ဆင့် အဝေးမှပူးပေါင်းအလုပ်လုပ်ခြင်းတို့ကို လွယ်ကူစွာ

✣ ယနေ့ခေတ်သည် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူငယ်များအတွက် အားကစားနှင့် ကစားခုန်စား လှုပ်ရှားမှုများပြုလုပ်ခြင်း၊ အားကစားသင်တန်းများ တက်ရောက်သင်ကြားခြင်း၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းတို့သည် လူငယ်များ၏စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကိုယ်ကာယကြံ့ခိုင်ဖွံ့ဖြိုးမှုများအတွက်လည်း အရေးကြီးပြီး ကျန်းမာရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အတွက် လူငယ်ဘဝမှစ၍ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်သူများဖြစ်လာအောင် လေ့ကျင့်လုပ်ဆောင်ပေးရမည်ဖြစ် . . .

လုပ်ဆောင်နိုင်သည်။ ဒေတာမျှဝေခြင်း (Cloud Computing & AI) ဖြင့် အချက်အလက်များ လျင်မြန်စွာ ဆွေးနွေးနိုင်ခြင်းဖြင့် Cloud Storage (Google Drive၊ Dropbox) ဖြင့် ဖိုင်များကို အဖွဲ့ဝင်အားလုံး အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုနိုင်ခြင်း၊ AI-Based Tools (ChatGPT၊ Notion AI) များဖြင့် အလိုအလျောက် အချက်အလက် စုစည်းခြင်း၊ အစီရင်ခံစာများ ပြုစုခြင်း စသည့် နည်းပညာသည် အချက်အလက်မျှဝေမှုကို လွယ်ကူမြန်ဆန်စေသည်။ လူငယ်များသည် အွန်လိုင်း ပလက်ဖောင်းများကိုအသုံးပြု၍ အခမဲ့အွန်လိုင်း သင်တန်းများ (Coursera၊ edX၊ Khan Academy) တက်ရောက်ကာ ကျွမ်းကျင်မှုများကို တိုးတက်အောင် လုပ်ခြင်း၊ Facebook Groups၊ LinkedIn၊ Discord စသည့် အသိုင်းအဝိုင်းများတွင် ပညာရပ်ဆိုင်ရာ ဆွေးနွေးခြင်း၊ Mentorship ရယူခြင်း စသည့် အွန်လိုင်းပညာရေးနှင့် လူမှုအသိုင်းအဝိုင်းများမှ တစ်ဆင့် အသိပညာဖလှယ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ ထိုအားသာချက်များကို ပိုမိုအားကောင်းလာစေရန် အသိဉာဏ်ပညာနှင့်ပေါင်းစပ်ကာ နိုင်ငံအတွက် အကျိုးရှိသည့် အုတ်တစ်ချပ်သဲတစ်ပွင့်ဖြစ်အောင် အားဖြည့်လုပ်ဆောင်သင့်သည်။

အချုပ်အားဖြင့်ဆိုရသော် လူငယ်တို့၏သဘာဝမှာ လျင်မြန်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်း၊ တတ်မြောက်လွယ်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများဖြစ်ကြပြီး နောင်တစ်ချိန်တွင် နိုင်ငံတော်ကိုတာဝန်ယူကြရမည့် သူများဖြစ်ပေရာ လူငယ်များကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးရှိအောင် ပြုစုပျိုးထောင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို အလှဆင်ကြရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် လူငယ်ပေါင်းမည်မျှရှိစေကာမူ သူတို့ရဲ့ဘဝ နောက်ခံအခြေအနေတွေ မတူညီကြလင့်ကစား သူတို့ရင်ထဲက မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေကတော့ တူညီစွာရှိကြောင်း ယနေ့ကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့က သက်သေပြလျက်ရှိသည်။ ထို့ကြောင့် မိဘများအနေဖြင့် အနာဂတ်ကိုဦးဆောင်မည့် လူငယ်များ၏ လက်ထဲသို့ နိုင်ငံ့တာဝန်များကို ယုံကြည်စိတ်ချစွာ အပ်နှံနိုင်အောင် ပြုစုပျိုးထောင်ပေးကြပါ။ လူငယ်များကလည်း အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သည့် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသူများဖြစ်အောင် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းရင်း ၁၂-၈-၂၀၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ပါသည်။ ။

ဇော်မျိုးမင်း

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၂၂၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၄၄၊ ၀၉-၃၄၉၀၃၈၈၃၄၆
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၄၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားခြောက်ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၁၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသားနှစ်ဦး၊ လိုက်ဘေးရီးယားနိုင်ငံသားတစ် ဦး၊ ဘူရွန်ဒီ နိုင်ငံသားတစ်ဦး၊ ယူဂန်ဒါနိုင်ငံသားတစ်ဦးနှင့် တိုဂိုနိုင်ငံသားတစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသားခြောက်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ယူဂန်ဒါနိုင်ငံနှင့်တိုဂိုနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၀ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်စဉ်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၀ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၇ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့်ငင်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေးထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

မူဆယ်မြို့၊ တော်ရွက်ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား ၆၀ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ



➔ ကျောဖုံးမှအဆက်

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀နာရီ ၃၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ တော်ရွက်ရပ်ကွက်၊ မင်္ဂလာမူဆယ်လမ်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသားအမျိုးသား ၆၀ ဦးအား ဖုန်းမျိုးစုံ ၈၅လုံး၊ All In One ကွန်ပျူတာ ၁၁ လုံး၊ Star Link ၂ လုံး၊ Power Station ၂လုံး၊ Laptop ၄ လုံး၊ UPS ၁ ခု၊ ဆိုင်ကယ် ၂ စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။




မူဆယ်မြို့၊ တော်ရွက်ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများကိုတွေ့ရစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



၁ နေရာစိပ်စိပ်မှ

မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ နံနက်မှ ဩဂုတ်လ ၁၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ထားသည့်လူနာများကို ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေး ဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံခိုင်ရေးရည်မှန်းကာ ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် ရောဂါကင်းဝေး၍ သက်တမ်းစေ့နေထိုင်နိုင်စေရေးနှင့် ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ်သက်သာစေရေးအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ်ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ဩဂုတ်လ ၅ ရက်နှင့် ၆ ရက်တို့တွင် ပြုလုပ်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးကြပ်မတ်ကုသဆောင်၌ စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိသော ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူထားသည့် လူနာများကိုသွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၏ လူနာများကျန်းမာရေးအခြေအနေတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ကြရန်မှာကြားသည်။

ဆဋ္ဌမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ကရင်ပြည်နယ် ဘားအံမြို့နေ အသက် ၄၄ နှစ်ရှိ ကျောက်ကပ်လူနာ အမျိုးသားနှင့် ကျောက်ကပ်အလှူရှင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အဖျောက်ကျေးရွာမှ အသက် ၂၈ နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၅ နာရီနှင့် ၂၅ မိနစ်ကြာမြင့်ခဲ့သည်။



သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ငါးပြေမကျေးရွာနေ ကျောက်ကပ်လူနာ အသက် ၂၉ နှစ်ရှိ လက်ထောက် မူလတန်းပြဆရာမနှင့် ကျောက်ကပ်အလှူရှင်ညီအစ်မတော်စပ်သူ အသက် ၂၄ နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းခွဲစိတ်ချိန် ၅ နာရီ ၃၉ မိနစ်ကြာမြင့်ခဲ့သည်။ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်များသည် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူထားသည့် လူနာများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားကာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၏ လူနာများကျန်းမာရေးအခြေအနေတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ကြရန်မှာကြားသည်။

ဆဋ္ဌမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ကရင်ပြည်နယ် ဘားအံမြို့နေ အသက် ၄၄ နှစ်ရှိ အမျိုးသားနှင့် ကျောက်ကပ်အလှူရှင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အဖျောက်ကျေးရွာမှ အသက် ၂၈ နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၅ နာရီနှင့် ၂၅ မိနစ်ကြာမြင့်ခဲ့သည်။ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်ညီအစ်မတော်စပ်သူ အသက် ၂၄ နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းခွဲစိတ်ချိန် ၅ နာရီ ၃၉

စက်မှုသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ရှာဖွေဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ၊ ဩဂုတ် ၁၁

မြန်မာနိုင်ငံ၏ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေး (TVET)စနစ်ကို ခေတ်နှင့်အညီပြုပြင်ပြောင်းလဲရေး၊ စက်မှုသင်တန်းကျောင်းများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောကျွမ်းကျင်လူစွမ်းအားအရင်းအမြစ်များကို ပိုမိုထိရောက်စွာ မွေးထုတ်ပေးနိုင်ရေးအတွက် အရေးကြီးသည့် မူဝါဒဆိုင်ရာများကို စက်မှုသင်တန်းကျောင်းများဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ရှာဖွေဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက စက်မှုသင်တန်းကျောင်းများသည် သင်တန်းသားများကို အောင်လက်မှတ်များပေးအပ်ရုံသာမက လုပ်ငန်းခွင်တွင် ချက်ချင်းဝင်ရောက်လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်မှုရှိသူများအဖြစ် မွေးထုတ်ပေးနိုင်ရန်လိုအပ်ကြောင်း၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေးသည် ပညာရေးကဏ္ဍတစ်ခုသာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုကဏ္ဍတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်မှု၊ MSME ဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ဖန်တီးမှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာမှုတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည့် မဟာဗျူဟာကဏ္ဍတစ်ခုဖြစ်ကြောင်း၊

စက်မှုသင်တန်းကျောင်းများသည် ယခင်ကဲ့သို့ ကျောင်းအခြေပြုစနစ် (School-Centered System)မှ စက်မှုလုပ်ငန်းအခြေပြု TVET စနစ်(Industry-Centered TVET System)သို့ တဖြည်းဖြည်းပြောင်းလဲရမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အကြံပြုချက်များသည် စက်မှုသင်တန်းကျောင်းများ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို၊ ကာလလတ်နှင့် ကာလရှည်လုပ်ငန်းစီမံချက်များချမှတ်ရာတွင် အခြေခံမူဝါဒများဖြစ်လာစေမည်ဖြစ်ကြောင်း၊ လက်တွေ့အတွေ့အကြုံ၊ အခက်အခဲ၊ အောင်မြင်မှုများနှင့် အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း အလုပ်ရုံဆွေးနွေးပွဲတွင်ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးများနှင့် တက်ရောက်လာသူများက စက်မှုသင်တန်းကျောင်းများဖွံ့ဖြိုးတိုးတက်ရေးဆက်လက်ဆောင်ရွက်သင့်သည့် အချက်များအတွက် နည်းလမ်းရှာဖွေလေ့လာဖော်ထုတ်ခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသင်ယူမှုစနစ်၊ သင်ကြားရေးအရင်းအမြစ်နှင့် နည်းပြဆရာများ၏ အရည်အသွေးမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် စက်မှုသင်တန်းကျောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ဆင်နိုင်ရန် နည်းလမ်းများရှာဖွေဖော်ထုတ်ခြင်းတို့ကို အဖွဲ့လိုက်ဆွေးနွေးကြပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကြံပြုသုံးသပ်ဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးဦးသွင်အောင်၊ တာဝန်ရှိသူများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် နည်းပြဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ



သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ဘားအံမြို့ပေါ်အနိမ့်ပိုင်း လူနေရပ်ကွက်များ ရေဝင်ရောက်မှုဖြစ်ပွား

ဘားအံ ၊ ဩဂုတ် ၁၁

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ယမန်နေ့ညနေတိုင်းထွာချက်အရ စိုးရိမ်ရေမှတ် ၇၅ဝ စင်တီမီတာအထက် ၈၂၃ စင်တီမီတာသို့ရောက်ရှိနေပြီး အနိမ့်ပိုင်းလူနေရပ်ကွက်များအတွင်းသို့ မြစ်ရေများစီးဝင်လျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ရေဝင်ရောက်မှုအခြေအနေနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ အနိမ့်ပိုင်းလူနေရပ်ကွက်များဖြစ်သော ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အုတ်မှုတ်စိန်လမ်းနှင့် အောင်နန်း(၄)လမ်းလမ်းဆုံ၊ ရော်ဘာခြံ(၄)လမ်း၊ အမှတ်(၂)ရပ်ကွက် သီတာအရှေ့လမ်းတို့တွင် လူနေရပ်ကွက်များအတွင်း သံလွင်မြစ်ရေဝင်ရောက်မှုအခြေအနေနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးရာ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များက သံလွင်မြစ်ရေ ယခုထက်ပိုမိုမြင့်တက်လာပါက မြေနိမ့်ပိုင်းနှင့် မြစ်ကမ်းဘေးနေထိုင်သူများ ရေလွှတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး၊ ယာယီရေဘေးစခန်းများဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က မြစ်ရေဝင်ရောက်မှုကြောင့် နေအိမ်များတွင် ဆက်လက်နေထိုင်ရန် မသင့်တော့သည့် ပြည်သူများအား ဘေးလွတ်ရာယာယီရေဘေးစခန်းများသို့ အချိန်နှင့်တစ်ပြေးညီပြောင်းရွှေ့နေရာချထားပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်း ညစျေးတန်းနေရာနှင့် အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း View Point နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး Ms.Gwyn Lewis နှင့်အဖွဲ့အား ဘားအံမြို့ ပြည်ထောင်စုရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ပြည်နယ်အတွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့်နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး၊ လူသားချင်းစာနာထောက်ထားမှု၊ ပြန်လည်ထူထောင်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

စစ်ကိုင်းမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာများရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



မုံရွာ ၊ ဩဂုတ် ၁၁

စစ်ကိုင်းမြို့နယ်ရှိ ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာများရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ရေဝင်ရောက်ခဲ့သည့် ညောင်ပင်ဝန်းကျေးရွာ၊ တလိုင်းကျွန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာများရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးရေများပြန်လည်ကျဆင်းပြီးပါက စာသင်ကျောင်းများသန့်ရှင်းရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပြည်သူများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ပြည်သူများစားသောက်ရေးများ အခက်အခဲမရှိစေရေးနှင့် ကုန်စည်များစီးဆင်းမှု ကောင်းမွန်စေရေး၊ ခရီးသွားလာမှုများအဆင်ပြေစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားကာ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိရပ်ကွက်/ကျေးရွာများအတွင်း ရေနစ်မြုပ်မှုကြောင့် အန္တရာယ်မဖြစ်စေရေး၊ ကျန်းမာရေးလိုအပ်မှုများရှိပါက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

နံနက်ပိုင်းကလည်း မူးမြစ်ရေလျှံပြီး ရေဝင်ရောက်ခဲ့သည့် မုံရွာ-စစ်ကိုင်း ကားလမ်းမကြီးဘေးရှိ ညောင်ပင်ဝန်းကျေးရွာကားလမ်း ရေကျော်နေမှုအခြေအနေများ၊ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများစုပေါင်း၍ ကားလမ်းမကြီးတစ်လျှောက် ကားများလမ်းကြောင်းမှန်မောင်းနှင်နိုင်ရေး ဆောင်ရွက်နေမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုကြပြီး ညောင်ပင်ဝန်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာအားပေးစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုံရွာ-စစ်ကိုင်း ကားလမ်းမကြီးဘေးရှိ ညောင်ပင်ဝန်းကျေးရွာဝန်းကျင်ရှိကားလမ်းမကြီးတစ်လျှောက် ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်တင်မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် စီမံဆောင်ရွက်သွားကြရန် မူးမြစ်ရေဝင်ရောက်သည့်ကာလအတွင်း ဒေသခံပြည်သူများအတွက် စားဝတ်နေရေးကိစ္စရပ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးလုပ်ငန်းများအား ဌာနဆိုင်ရာများက ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရန်၊ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည့် ပံ့ပိုးကူညီဆောင်ရွက်မှုများအား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing receives delegation led by Chairman of the National Democratic Alliance Army(NDAA) U Htein Lin

NAY PYI TAW August 11

A delegation led by Chairman of the National Democratic Alliance Army(NDAA) U Htein Lin paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

Also present were Vice President U Nyo Saw, Chairman of the National Solidarity and Peacemaking Negotiation Committee (NSPNC) Lt-Gen Yar Pyae, Secretary Lt-Gen Min Naing, Lt-Gen Kyaw Ko Htaik from the Office of the Commander-in-Chief and officials. The NDAA Chairman was accompanied by Vice Chairmen U San Pae and U Hsan Lu, General Secretary U Kyi Myint and Secretary U Aik Pan.



President of the Republic of the Union of Myanmar U Min Aung Hlaing receives Chairman of the National Democratic Alliance Army(NDAA) U Htein Lin.

At the meeting, the NDAA chairman said the NDAA including the Peace and Solidarity Committee of the Special Region 4 and all the ethnic peoples of the entire area would like to express their deepest pleasure and honor at the election of U Min Aung Hlaing as the President of the Republic of the Union of Myanmar. The NDAA Mongla group has maintained good relations with the successive governments, while leading on the path to peace, solidarity and development for over 30 years, he noted. The group has established constant interrelations with the government, continuing its efforts to ensure national and peace and stability and progress at the border areas by strengthening mutual trust and cooperation. He made a request to the President to continue to promote the socio-economic life people of Mongla area, explaining the constructive results achieved in holding talks with the NSPNC.

In his discussions, the President explained the peace endeavours being undertaken in accord with the 2008 Constitution, the possible roles of EAOs in serving the interest of the nation and their relevant regions, the government's support for all-round development of the Mongla area by improving road transportation, the State's programs to provide teaching stuff and buildings for progress of the education sector of Mongla area and upgrade hospitals, and provide health stuff and medical equipment and medicines for its health sector development. The President said that the Government and the Tatmadaw are going to send health stuff to the area for conducting necessary healthcare undertakings there. He noted the provision of adequate electricity supply to Shan State (East) from hydropower stations and solar power stations in Mongla area.

The President and the NDAA chairman cordially discussed matters relating to the continuous efforts for peace, stability and progress of Mongla area, potential areas where border trade can be launched for regional development, informing the people of Mongla area about the directives of the Head of State for the peace process and regional development, and attention to be paid to the coordinated efforts for national development and border area peace and stability.

After the call, the President and the NDAA chairman exchanged commemorative gifts and posed for documentary photos together with attendees.

Myawady

Monywa District grows more than 60,000 acres of phaseolus bean this year

MONYWA August 11

Local farmers have planted 60,900 acres of phaseolus bean on their croplands in Monywa District of Sagaing Region this year, according to the District Agriculture Department.

During the 2026-2027 monsoon cropping season, Monywa District has set township-wise cultivation targets for phaseolus beans as follows: 19,800 acres in Monywa Township, 4,000 acres in Budalin Township, 35,200 acres in Ayadaw Township, and 1,900 acres in ChaungU Township, for a total of 60,900 acres. Planting is scheduled to take place from June through September this year.

"We have targeted the cultivation of 60,900 acres of phaseolus beans in Monywa District during this year's monsoon cropping season. Efforts will be made to ensure that the targeted acreage is fully achieved," said Dr Tin Mar Mar Oo, Head of the Department of Agriculture in Monywa District.

This year, the relevant township agriculture departments in Monywa District are providing support and awareness programs for pulse growers, focusing on access to quality seed varieties suited to local conditions, the adoption of proper cultivation practices, pest management, the systematic use of fertilizers, and measures to improve crop productivity.

During this year's monsoon cropping season, the agriculture authorities are working closely with farmers to ensure higher yields and better-quality pulse production by providing the necessary quality seed varieties, agricultural inputs, and post-harvest technologies, among other forms of technical assistance. **SMK**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

●● From Page - 21

services into townships and villages where dedicated health staff remain scarce, converting national policy commitments into services actually delivered at the school gate.

The Way Forward

Looking beyond School Health Week 2026, implementation should continue to be guided by the National Comprehensive School Health Strategic Plan's four pillars — strengthening the HPS structure and committees, improving health literacy and services, harmonising health and education, and deepening community partnership — while consolidating the National School Health Policy, Strategy and Monitoring and Evaluation Framework first commissioned in 2019 and aligning it with the emerging National Youth Development Policy Framework. Priorities going forward include synchronising the Health Management Information System with the Education Management Information System for real-time monitoring; scaling up mental health and psychosocial support services, particularly in conflict-affected and earthquake-affected townships; closing the persistent urban-rural and regional gaps in water, sanitation and basic health service coverage; and mobilising sustained financing, including through partnership with WHO, UNICEF and other development partners, as domestic budget allocations to education expand over the coming years.

Conclusion

From the first medical officers assigned to schools in 1920 to today's Health Promoting School framework, Myanmar's century-long commitment to school health reflects an enduring recognition that healthy students make a healthy, productive nation. As School Health Week 2026 opens under a government that has placed youth development at the centre of its agenda, the task ahead is to turn policy commitments into consistent, well-resourced practice in every classroom — from Yangon to the most remote monastic school.

References

1. Ministry of Health & World Health Organization, Myanmar National Comprehensive School Health Strategic Plan (2017-2022).
2. World Health Organization, Myanmar Global School-based Student Health Survey (GSHS) Fact Sheet, 2007 and 2016.
3. The Global New Light of Myanmar, "President U Min Aung Hlaing Reports on Government's 100-Day Progress at Pyidaungsu Hluttaw," 1 August 2026.
4. World Health Organization, South-East Asia Regional Office, Health Promoting Schools Framework(2003)
5. Ministry of Health , School-based Adolescent Health Survey in Myanmar 2025, Fact Sheet (October-December)

60 Chinese nationals arrested with equipment for illegal online scam and gambling operations in Muse

NAY PYI TAW August 11

The government is treating the fight against online fraud and online gambling—which pose a comprehensive threat to public interests and are damaging the socio-economic lives of people around the world—as a matter of national priority. In addition to domestic efforts, the government is coordinating with neighbouring countries to carry out effective crackdowns and searches to ensure these operations cannot re-establish themselves.

As part of these efforts, joint security teams have been conducting investigations and inspections within relevant areas to prevent those involved in online scam and gambling activities from residing or operating in these regions. Today, at approximately 10:35 am, authorities raided a house on Mingala Muse Road in Taw Ywet Ward, Muse, Northern Shan State. During the operation, they arrested 60 Chinese nationals—all male—who were found to be committing online fraud and gambling offenses. The items seized alongside the suspects included 85 mobile phones of various types, 11 all-in-one computers, two Star Link devices, two power stations, four laptops, one UPS, two motorcycles, and various related accessories.

After necessary interrogations are completed, the arrested individuals will face effective and severe legal action in accordance with existing laws. The confiscated equipment will be processed according to established procedures.

The State is actively continuing its anti-online scam and gambling operations in collaboration with neighbouring countries, regional states, and international organizations, with the goal of eliminating such crimes and preventing them from taking root within Myanmar.

100



View of the house and workplace where 60 Chinese nationals were operating online scam and gambling activities in Taw Ywet Ward, Muse.



View of the house and workplace where 60 Chinese nationals were operating online scam and gambling activities in Taw Ywet Ward, Muse.

Bamauk Township to cultivate more than 38,000 acres of rainfed paddy this year

BAMAUK August 11

Agricultural data from Katha District Agriculture Department stated that local authorities in Bamauk Township of Sagaing Region have earmarked cultivation of more than 38,000 acres of rainfed paddy in the township this monsoon.

During the 2026-2027 monsoon cropping season, Bamauk Township plans to cultivate 38,867 acres of rainfed paddy. Planting is scheduled to take place from July through September this year.

"We have targeted the cultivation of more than 38,000 acres of monsoon paddy in Bamauk Township during this year's monsoon cropping season. Efforts will be made to ensure that the targeted acreage is fully achieved. Necessary technologies and quality seed varieties will be provided for paddy cultivation. Field-level assistance will also be carried out to help farmers plant their monsoon paddy on time," said Daw Khin Myat Myat Oo, Head of of the Department of Agriculture in Katha District.

During this year's monsoon cropping season, the relevant township agriculture department and local farmers will work together to ensure that monsoon paddy can be cultivated systematically and without difficulties.

In Bamauk Township, monsoon paddy farmers will receive agricultural technical support, awareness training on pest prevention and control, guidance to minimize crop losses, and information on ensuring that harvested paddy is transported under shelter in a timely manner.

To ensure successful cultivation and good yields from this year's monsoon paddy fields in Bamauk Township, staff from the Township Department of Agriculture will provide field-based technical assistance, including the selection and cultivation of quality certified seeds, pest surveillance, land preparation and weeding, rouging of off-type plants, and the systematic application of fertilizers.

SK

Colombia declares emergency after devastating earthquake

BOGOTA August 11

The death toll from the devastating earthquake that struck western Colombia has risen to at least 224, according to the Colombian Association of Capital Cities (Asocapitales).

The association said on Tuesday that 165 of the fatalities had been recorded in four regional capitals, accounting for more than 97 percent of the nationwide death toll.

At least 668 people have been injured and 165 buildings have collapsed in the cities, Asocapitales said, adding that search and rescue operations are ongoing in the affected areas.

The magnitude-7.4 earthquake struck on Monday, with its epicenter in western Colombia, affecting the departments of Valle del Cauca, Caldas, Choco, and Risaralda.



Harrowing footage shows people fleeing shaking and collapsing buildings. A disturbing video filmed in Cali appears to show four people being crushed by a falling balcony as they fled a clinic.

The US State Department pledged US$-15.5 million in emergency aid to Colombia for "shelter, food, protection, and earthquake assessments."

Twin earthquakes struck neighboring Venezuela in June, killing more than 6,300 people.

RT

US and Israel agree to remove nuclear material from secret Syrian site – Axios

WASHIGTON August 11

The US and Israel have reached a deal with Damascus to remove nuclear material from a secret site in Syria, Axios reported on Monday, citing US and Israeli officials.

According to the publication, the International Atomic Energy Agency (IAEA) will be given access to the area, labeled 'Site 99', to recover material described as remnants from Syria's Al-Kibar reactor, which Israel bombed in 2007.

The site reportedly contains yellowcake, a concentrated uranium powder that can eventually be processed into nuclear fuel. While the material cannot be used directly to make a nuclear bomb, it could potentially be dispersed using conventional explosives, causing radiological contamination in what is commonly known as a dirty bomb.

Israel reportedly bombed the entrances to the site shortly after a coalition of US-backed rebel groups captured Damascus in December 2024, toppling Syria's longtime president, Bashar Assad. An Israeli official told Axios that Israel had threatened to bomb the site again if the nuclear material was not removed or if there were signs that Syria was attempting to access it.

Syrian President Ahmed al-Sharaa, a former jihadist commander who was once on the US wanted list, has sought to improve the country's relations with the West and attract foreign aid to Syria, which has been ravaged by civil war since 2011. Last month, he revealed that he was working on a security agreement with Israel, which has occupied parts of southwestern Syria since 2024, expanding its presence beyond the Golan Heights, which it has held since 1967.

RT

Rosatom completes construction of Russia's 1st 4th-generation synchrotron radiation source

MOSCOW August 11

Russia's state nuclear corporation Rosatom announced Tuesday the completed construction of the Siberian Circular Photon Source (SKIF), the country's first fourth-generation synchrotron radiation source.

Located in Koltsovo near Novosibirsk, SKIF operates at an energy of three gigaelectronvolts and will provide powerful X-ray beams for cutting-edge research in fields including physics, chemistry, materials science and biology.

Russian President Vladimir Putin attended the opening ceremony and said the project had made Russia stronger by enhancing the country's technological capabilities and technological sovereignty.

Xinhua

U.S. sees hottest July on record

LOS ANGELES August 11

July was the hottest month ever recorded across the contiguous United States, according to U.S. government data released Monday.

The U.S. National Oceanic and Atmospheric Administration (NOAA) noted that the average temperature across the lower 48 states hit 24.9 degrees Celsius. July 2026 narrowly surpassed the previous records set in July 1936 and July 2012, NOAA said.

Average daytime maximum temperatures reached 31.9 degrees Celsius in July, making it the sixth-warmest month on record during the day.

The largest anomaly was in overnight temperatures, according to NOAA. July 2026 also broke the record for the average daily minimum temperatures, at 17.9 degrees Celsius.

The National Weather Service, part of NOAA, said its experimental HeatRisk index considers daytime highs and overnight lows when assessing heat-related risk, including whether unusually warm nights may add to heat stress the following day.

Above-average temperatures covered large parts of the western and central United States, as well as parts of the southern coast and southeast, according to NOAA. Only Alaska, which is excluded from the contiguous U.S. average, recorded its coldest July since 2008.

Above-average temperatures are favored across the central and southern parts of the contiguous United States in August.

Xinhua

Thai PM orders system-wide gun controls, purchase permits suspended

BANGKOK August 11

Thailand's Prime Minister Anutin Charnvirakul on Tuesday ordered a nationwide tightening of firearms controls, suspending gun purchase permits and cracking down on illegally held and black-market weapons through both emergency and long-term measures.

During a weekly cabinet meeting, Anutin called for coordinated action across multiple agencies to close gaps in the control system and keep firearms out of the hands of those who should not have them, said government spokesperson Rachada Dhnadirek.

With immediate effect, Rachada said, authorities will stop issuing firearm purchase permits and halt new welfare firearm schemes until the cabinet decides otherwise. Registrars must report to the Ministry of Interior within 30 days on outstanding permits not yet used for a purchase.

In a statement, Rachada said gun owners who bought weapons under an existing permit have 30 days from the date of the cabinet resolution to apply for a possession license or be treated as holding a firearm illegally.

The Department of Provincial Administration will audit dealers nationwide, reconciling sales against permits, while the Revenue Department examines their tax records, she said.

The department will also work with police and sports authorities to inspect ammunition held by shooting ranges and examine their tax records, with violations to be prosecuted, she said.

Authorities will step up a crackdown on illegal firearms, she added, with courts to be asked to impose severe penalties on offenders.

For longer-term measures, Rachada said the ministry is to draft amendments to the Firearms Act within 60 days, introducing real-time electronic licensing linked to customs and tax databases, expanded firearm identification records, greater dealer liability, and heavier penalties.

Possession licenses would require renewal every three years, and dealers and shooting ranges would have to reconcile sales against inventory daily, the spokeswoman noted.


The directives followed a mass shooting at a secondary school on the outskirts of Bangkok last week that killed nine people, including the alleged student attacker.

Xinhua

Strengthening School Health in Myanmar: Building a Healthier Future for the Nation's Youth

By Dr Aung Tun, Dr Sumon Myat (School Health)

As Myanmar prepares to open the Central-level School Health Week on 10 August 2026, it is timely to reflect on the remarkable journey of the country's school health programme — a century-old endeavour that has evolved from a modest medical inspection service into a comprehensive, multi-sectoral platform for nurturing the physical, mental and social wellbeing of the nation's students. School health is not merely a health-sector concern; it is a shared national investment that determines the strength of Myanmar's human capital for generations to come.



MYANMAR SCHOOL HEALTH MODEL

A Century of School Health in Myanmar

Myanmar's school health services trace their origin to 1920, when the Ministry of Health, in collaboration with the Ministry of Education, first assigned medical officers and dental surgeons to school children under British administration. Following independence, the Maternal, Child and School Health Department was established in 1953, embedding school health within the country's basic health infrastructure. School health programmes were formally included in the first People's Health Plan of 1977-78 as a core community health project.

A defining turning point came in 1996, when Myanmar adopted the concept of health promotion in schools in line with WHO's Global School Health Initiative, launched the previous year. The Health Promoting School (HPS) approach — built on healthy school policy, physical and social environment, health education and services, and community engagement — was introduced into existing school health services, formally recognising that the "health for all" and "education for all" goals are mutually reinforcing.

In 2006, this evolved into the Nine-Domain Health Promoting School programme, covering health education, environmental sanitation, disease control, nutrition promotion, medical examination, community outreach, counselling, training and research, and physical activity. By 2017, the Ministry of Health and the Ministry of Education jointly issued the National Comprehensive School Health Strategic Plan (2017-2022), consolidating decades of fragmented activity into four coordinated strategic pillars, with technical support from the WHO South-East Asia Regional Office.

Today, the School Health Division under the Department of Public Health continues to lead national coordination, working through a five-tier structure of school health committees — from the central level down to individual schools — in partnership with the Ministry of Education, UNICEF, WHO, the Myanmar Red Cross Society, the Myanmar Maternal and Child Welfare Association, and other stakeholders.

What the Data Tell Us

The School-based Adolescent Health Survey (SAHS) 2025, conducted by the Ministry of Health from October to December 2025 among 1,155 adolescents aged 13-17 nationwide, offers the most current picture of student health. Key findings include a continuing double burden of malnutrition (23.0 percent underweight, 6.8 percent overweight, 4.5 percent obese); poor dietary habits, with only 13.2 percent eating fruit twice or more daily against 49.4 percent eating junk food twice or more weekly; low physical activity (34.8 percent active at least 60 minutes daily); high tobacco exposure (31.0 percent currently smoke, 81.3 percent exposed to second-hand smoke); and early signs of psychosocial strain (10.4 percent felt lonely most of the time). On the positive side, hygiene practices remain strong (90.9 percent brush their teeth daily) and preventive coverage is notable (99.0 percent received deworming, 48.4 percent received the HPV vaccine). Together, these findings point to diet, physical activity, tobacco exposure and mental wellbeing as the priority areas for school-based intervention.

Youth at the Centre of the Government's 100-Day Agenda

The Government's report on its first 100 days, delivered by President U Min Aung Hlaing to the Pyidaungsu Hluttaw on 31 July 2026, placed the nation's youth squarely within its development priorities. According to the 2024 Population and Housing Census, Myanmar's youth population stands at approximately 17 million, accounting for 32.69 percent of the total population — a demographic dividend the President described as a golden opportunity for the country, tempered by concern over rising dropout rates and gaps in higher education, vocational training and digital skills.

The Government has committed to formulating a National Youth Development Policy Framework under the theme "Empowered Youth, Strong Nation, Shared Future," alongside short- and long-term plans for youth development. Within basic education, more than 7.5 million students are now enrolled, supported by over 315,000 teachers, alongside the Smart School programme and the Football for Schools programme launched jointly with the Ministry of Sports. Education spending is set to rise from 6.92 percent of the state budget in the 2026-2027 financial year to 15 percent by 2028-2029 — a clear signal of the priority now attached to the sector that underpins school health delivery. These commitments provide an important policy window for reinforcing school health as an integral part of national youth investment, rather than a stand-alone health-sector programme.

Momentum from the July 2026 Joint Ministerial Meeting

This policy commitment has already begun translating into concrete decisions. On 27 July 2026, the School Health Central Committee held its first coordination meeting at the Ministry of Health in Nay Pyi Taw, bringing together senior officials from the Ministry of Health and the Ministry of Education. The meeting resolved to extend school health services beyond government basic education schools to cover private schools, monastic schools, and industrial, agricultural and livestock breeding high schools nationwide — closing a long-standing coverage gap identified in earlier strategic reviews of the programme.

The committee also endorsed the introduction of a Student Health Record Card for students from Grade 6 to Grade 12, intended to provide a continuous, individual health record that follows each student through secondary education. Such a record card, if consistently implemented and linked to the Health Management Information System, would substantially strengthen the evidence base for future SAHS rounds and allow health and education authorities to track individual as well as population-level outcomes over time.

School Health Week 2026: Implementation on the Ground

School Health Week has been observed nationwide every year since the 1999-2000 academic year, after the Ministry of Education, in coordination with the Ministry of Health, designated the second week of August as School Health Week in the education calendar during the 1998-1999 academic year.This year's School Health Weekis scheduled to commenceat the central level in Nay Pyi Taw on 10 August 2026. Within the same week, opening ceremonies will extend to every Region and State across the country, reaching down to rural townships rather than remaining confined to major cities — a deliberate effort to narrow the regional disparities in implementation documented in earlier strategic reviews.

A key operational feature of this year's programme is the formation of School Health Teams in both urban and rural schools, bringing together preventive and curative health staff under one coordinated team rather than the fragmented arrangements of the past. These teams are being reinforced by volunteers from the Myanmar Red Cross Society (MRCS) and the Myanmar Maternal and Child Welfare Association (MMCWA), alongside general practitioners from the Myanmar Medical Association (MMA) at the township level. This model is designed to extend the reach of school health

See Page - 19


GPS မရသည့်တိုင် ကြယ်တာရာလမ်းညွှန်စနစ်နဲ့ ပစ်မှတ်ဆီပျံသန်းမယ့် တရုတ်ရဲ့ဟိုက်ပါဆိုးနစ်များ

၃ ကနေ့ခေတ် ကမ္ဘာ့စစ်ရေးနဲ့ နည်းပညာပြိုင်ဆိုင်မှု စင်မြင့်ထက်မှာ အသံထက်ငါးဆနဲ့အထက် ပျံသန်းနိုင်တဲ့ ဟိုက်ပါဆိုးနစ်လက်နက်စနစ်များက ခေတ်သစ်စစ်ပွဲများရဲ့ အခင်းအကျင်းနဲ့ မဟာဗျူဟာမြောက် စစ်ဆင်ရေးစွမ်းရည်များကို အခြေခံကျကျပြောင်းလဲပစ်နေပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံဟာ ဟိုက်ပါဆိုးနစ် နည်းပညာနယ်ပယ်မှာ ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီး အမေရိကန်အပါအဝင် အနောက်အုပ်စု စစ်ရေးမဟာမိတ်များအတွက် အကြီးဆုံး စိန်ခေါ်မှုတစ်ရပ်ဖြစ်လာတာကိုတွေ့ရပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုးအလွန်အမင်း မြန်ဆန်ပြီး တိမ်းရှောင်နိုင်စွမ်းမြင့်မားတဲ့ လက်နက်ဆန်းများရဲ့ အဓိကအားနည်းချက်တစ်ခုက ဂြိုဟ်တုလမ်းကြောင်းပြစနစ်များအပေါ် အလွန်အမင်းမှီခိုနေခြင်းဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ဟိုက်ပါဆိုးနစ် ဒုံးကျည်များနဲ့ မောင်းသူမဲ့ယာဉ်များက သတ်မှတ်ပစ်မှတ်ဆီကို မီတာအနည်းငယ်အထိ တိတိကျကျထိမှန်နိုင်ဖို့ဆိုရင် အမေရိကန်ရဲ့ GPS သို့မဟုတ် တရုတ်ရဲ့ BeiDou ကဲ့သို့သော ဂြိုဟ်တုလမ်းကြောင်းပြစနစ်များကို အဓိကထားအားပြုနေရဆဲဖြစ်ပါတယ်။

အကယ်၍ ကမ္ဘာစစ်ပွဲကြီးတစ်ခုသာ အမှန်တကယ်ဖြစ်ပွားလာပါက ရန်သူဘက်က ဂြိုဟ်တုလမ်းကြောင်းပြအချက်ပြလှိုင်းများကို အီလက်ထရွန်နစ် ဂျမ်မာများဖြင့် နှောင့်ယှက်လိုက်ခြင်း သို့မဟုတ် အာကာသထဲမှာရှိတဲ့ လမ်းကြောင်းပြ ဂြိုဟ်တုများကို ဂြိုဟ်တုဖျက်ဒုံးကျည်များဖြင့် ပစ်ခတ်ဖျက်ဆီးပစ်လိုက်ပြီဆိုပါက ဘီလီယံချီတန်ကြေးရှိတဲ့ ဟိုက်ပါဆိုးနစ်လက်နက်များဟာ လမ်းကြောင်းပျောက်ကာ ပစ်မှတ်နဲ့လွဲချော်သွားနိုင်တဲ့ အန္တရာယ်ကြီးများစွာ ရှိနေပါတယ်။

ဒီလိုအခြေအနေမျိုးတွေရှိလာနိုင်တဲ့အတွက် တရုတ်သုတေသနပညာရှင်များက အဲဒီအားနည်းချက်နဲ့ နည်းပညာပိုင်းဆိုင်ရာစိန်ခေါ်မှုကို ကျော်လွှားနိုင်မယ့် အလွန်ဆန်းသစ်တဲ့ ထွက်ပေါက်တစ်ခုကို အောင်မြင်စွာ ရှာဖွေတွေ့ရှိသွားခဲ့ပြီဖြစ်ပါတယ်။ အဲဒါကတော့ ရှေးခေတ် ပင်လယ်ကူးသင်္ဘောသားများအနေနဲ့ သမုဒ္ဒရာဖြတ်သန်းရာမှာအသုံးပြုတဲ့ ကြယ်တာရာကြည့် လမ်းကြောင်းရှာခြင်းနည်းပညာကို ၂၁ ရာစုရဲ့ အဆင့်မြင့်ဆုံး AI နည်းပညာများ၊ အာရုံခံကိရိယာများနဲ့ ပေါင်းစပ်ကာ ဟိုက်ပါဆိုးနစ်ဒုံးကျည်များမှာ တပ်ဆင်လိုက်ခြင်းပဲဖြစ်ပါတယ်။



ကြယ်တာရာများကိုကြည့်ပြီး လမ်းကြောင်းရှာတဲ့စနစ်က အာကာသယာဉ်များနဲ့တိုက်ချင်းပစ်ဒုံးကျည်များမှာ ယခင်ကတည်းက အသုံးပြုခဲ့ကြတာပါ။ ဒါပေမဲ့ အာကာသပြင်ပရဲ့ လေထုမရှိတဲ့ ပတ်ဝန်းကျင်မှာသာ တိကျမှုရရှိခဲ့တာပါ။ ဟိုက်ပါဆိုးနစ်ပျံသန်းမှုမှာကျတော့ အသံထက်ငါးဆမှ ဆယ်ဆအထိမြန်ဆန်တဲ့အတွက် လေထုနဲ့ ပြင်းထန်စွာပွတ်တိုက်မှုဖြစ်ပေါ်လာပါတယ်။

ဒါ့အပြင် ဒုံးကျည်ရဲ့အပြင်ဘက်မှာ အပူချိန်ဒီဂရီထောင်ပေါင်းများစွာရှိပလာစမာလေထုအလွှာနဲ့ လေထုဖိအားတို့ကိုရင်ဆိုင်လာရပါတယ်။ ဒီလိုမျိုးပြင်းထန်လှတဲ့ အပူချိန်နဲ့ လေထုကွဲပြားမှုများကြောင့် ပြင်ပမှလာသော ကြယ်စင်အလင်းတန်းများမှာယိုင်သွားပြီး ဒုံးကျည်ပေါ်ရှိ အာရုံခံကိရိယာကမြင်တွေ့ရတဲ့ ကြယ်ရဲ့တည်နေရာနဲ့ အမှန်တကယ်တည်ရှိနေတဲ့ ကြယ်ရဲ့ တည်နေရာတို့ဟာ လွဲမှားသွားလေ့ရှိပါတယ်။

ဒီလိုမျိုးအလင်းယိုင်မှု မိုက်ခရိုစက္ကန့်မျှအမှားအယွင်းသည်ပင် ကီလိုမီတာပေါင်းများစွာကို အချိန်တိုအတွင်းပျံသန်းသွားနေတဲ့ ဟိုက်ပါဆိုးနစ်ဒုံးကျည်တစ်စင်းအတွက် မြေပြင်မှာပစ်မှတ်နဲ့ ကီလိုမီတာပေါင်းများစွာလွဲချော်သွားဖို့ လုံလောက်လှပါတယ်။ ဒီစိန်ခေါ်မှုကို ဖြေရှင်းနိုင်စေဖို့အတွက် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်ရှိ သုတေသနပညာရှင်များအဖွဲ့က ရှေ့ပြေးပုံစံ ကြယ်တာရာအာရုံခံကိရိယာတစ်ခုကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ကြပါတယ်။

သုတေသနအဖွဲ့ဟာ ဟိုက်ပါဆိုးနစ်အရှိန်လွန်ပျံသန်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ အလင်းယိုင်မှုနဲ့ လေထုပွတ်တိုက်မှုဆိုင်ရာ သန်္ဌာစံပြုပုံစံများကို အသေးစိတ်တွက်ချက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အလင်းတန်းဘယ်လိုယိုင်သွားမလဲဆိုတာကို ကြိုတင်ခန့်မှန်းနိုင်တဲ့ Algorithmic Model များကို တည်ဆောက်ကာ ကြယ်တာရာအာရုံခံကိရိယာရှိ AI စနစ်နဲ့ ပေါင်းစပ်ပေးလိုက်တဲ့အတွက် ဒုံးကျည်ပျံသန်းနေစဉ် အလင်းယိုင်သွားသည့်တိုင်အောင် အဲဒီစနစ်က မူလနေရာသို့ တိကျစွာပြန်လည်ပြင်ဆင်ပေးနိုင်ပြီး ကြယ်တာရာများရဲ့ ပကတိတည်နေရာကို မိုက်ခရိုစက္ကန့်ပိုင်းမှာပင် ဖမ်းယူနိုင်ခဲ့ပါတယ်။ အခုလိုဆန်းသစ်တဲ့ နည်းပညာကြောင့် GPS၊ BeiDou စတဲ့ ဂြိုဟ်တုလမ်းညွှန်စနစ်များ လုံးဝမရရှိနိုင်တော့တဲ့ တိုက်ပွဲဝဲဂယက်အမှားမှာပင် တရုတ် ဟိုက်ပါဆိုးနစ်ဒုံးကျည်များဟာ ကြယ်များကိုကြည့်ကာ ပစ်မှတ်ဆီတိကျစွာ သွားရောက်တိုက်ခိုက်နိုင်တော့မှာဖြစ်ပါတယ်။

ဒီလိုကြယ်တာရာလမ်းကြောင်းပြစနစ်ကို အသုံးပြုနိုင်ခြင်းက စစ်ရေးအရအလွန်အမင်းကြီးမားတဲ့ အားသာချက်များကို ပေးစွမ်းနိုင်ပါတယ်။ အီလက်ထရွန်နစ်စစ်ဆင်ရေးနယ်ပယ်မှာ GPS အချက်ပြလှိုင်းများကို နှောင့်ယှက်ဖျက်ဆီးခြင်း ဒါမှမဟုတ် အတုအယောင်အချက်ပြလှိုင်းများဖြင့် လမ်းကြောင်းလွှဲခြင်းတို့က ခေတ်သစ်စစ်ပွဲများရဲ့ အဓိကတိုက်ကွက်တစ်ခုဖြစ်လာနေသော်လည်း အာကာသထဲမှာရှိတဲ့ ကြယ်စင်များထံမှလာသော အလင်းတန်းများကိုမူ ဘယ်လိုနည်းပညာနဲ့မျှ နှောင့်ယှက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမလုပ်နိုင်သေးပါဘူး။ ဒါ့အပြင် ကြယ်တာရာကြည့်စနစ်ဆိုတာ ပြင်ပကိုဘယ်လိုမျိုး အချက်ပြလှိုင်းမျှ ထုတ်လွှင့်ခြင်းမရှိတဲ့ စနစ်ဖြစ်သောကြောင့် ရန်သူက ရေဒါနဲ့ အချက်ပြဖမ်းယူရေး ကိရိယာများအသုံးပြုပြီး ဖမ်းယူစုံစမ်းရန်အလွန်ခက်ခဲသွားတဲ့အပြင် ဂြိုဟ်တုကွန်ရက်များလုံးဝပျက်စီးသွားတဲ့ တတိယကမ္ဘာစစ်ရဲ့ စစ်ဆင်ရေးကဲ့သို့သော အခြေအနေမျိုးမှာပင် ကိုယ့်ရဲ့ ကိုယ်ပိုင်အာရုံခံကိရိယာများဖြင့် စစ်ဆင်ရေးကို အဆုံးထိအမှီအခိုကင်းကင်းနဲ့ အောင်မြင်မှုရှိစွာ စီမံနိုင်မှာဖြစ်ပါတယ်။

အမေရိကန်နဲ့ မဟာမိတ်နိုင်ငံများဟာ တရုတ်နိုင်ငံရဲ့ ဒုံးကျည်တိုက်ခိုက်မှုများကို ကာကွယ်ရန် အီလက်ထရွန်နစ်ဂျမ်မာများ၊ ဂြိုဟ်တုဖျက်အာကာသလက်နက်များနဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်များကို အမြောက်အမြား ရင်းနှီးမြှုပ်နှံထားကြသော်လည်း တရုတ်နိုင်ငံက ဟိုက်ပါဆိုးနစ်လက်နက်များမှာ GPS လုံးဝမလိုဘဲ ကြယ်များကိုကြည့်ကာ ပစ်မှတ်ကိုထိမှန်နိုင်တဲ့ နည်းပညာကို တပ်ဆင်လိုက်ခြင်းဟာ အနောက်အုပ်စုရဲ့ ကာကွယ်ရေးစနစ်များအတွက် အကြီးမားဆုံးခေါင်းခဲစရာဖြစ်လာစေပါတယ်။ အထူးသဖြင့် ပင်လယ်ပြင်ရှိလေယာဉ်တင်သင်္ဘောကြီးများအပါအဝင် အရေးပါတဲ့စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ရာမှာ ယခင်ကထက် ဆတက်တိုး၍ တိကျစွမ်းရည်မြင့်မားသွားခဲ့ပြီဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့်ဆိုရရင် တရုတ်သုတေသနပညာရှင်များရဲ့ အဆိုပါ အောင်မြင်မှုက ရှေးဟောင်းမူလနည်းပညာတစ်ရပ်ကို ခေတ်လွန် AI နည်းပညာဖြင့် ပေါင်းစပ်ဖန်တီးလိုက်တဲ့ ထူးခြားသောသာဓကတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်စစ်ပွဲများမှာ ဂြိုဟ်တုများအမှောင်ကျသွားတဲ့ တိုက်ခိုက်ရေးနယ်ပယ်မှာပင် တရုတ်ရဲ့ ဟိုက်ပါဆိုးနစ်လက်နက်များက ကောင်းကင်ထက်ရှိကြယ်တာရာများကို လမ်းညွှန်ပြကွက်အဖြစ်အသုံးပြုကာ ပစ်မှတ်များကို ဆက်လက် တိုက်ခိုက်နိုင်မှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: SCMP

ထက်မြတ်



အင်ဒိုနီးရှားမှာ တောမီးလောင်လို့ ကျောင်းတွေဆက်ပိတ်ထားရ

ဂျကာတာ၊ တောမီး

အယ်လ်နီညိုရာသီဥတုကြောင့် ပိုမိုဆိုးရွားလာတဲ့ ပူပြင်းခြောက်သွေ့မှုဖြစ်ပေါ်လာပါတယ်။ အခုလိုအချိန်မှာ အင်ဒိုနီးရှားကျွန်းစုတစ်လျှောက် တောမီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေဖုံးလွှမ်းလာတဲ့အတွက် ဩဂုတ်လ ၁၁ ရက်မှာ ဒေသတချို့ရှိ စာသင်ကျောင်းပေါင်းများစွာကို ဒုတိယမြောက်နေ့အဖြစ် ဆက်ပိတ်ထားခဲ့ရပါတယ်။

အင်ဒိုနီးရှား၊ မလေးရှားနဲ့ ဘရူနိုင်းတို့ကြားရှိ ဘော်နီယိုကျွန်းပေါ် အနောက်ကာလီမန်တန်ပြည်နယ်ရဲ့နေရာတချို့မှာ မီးခိုးငွေ့တွေဖုံးလွှမ်းလာလို့ ပွန်တီယာနက်မြို့တော်ဝန်က ကျောင်းတွေပိတ်ထားကြဖို့ အမိန့်ထုတ်ပြန်ခဲ့ရပါတယ်။ ပွန်တီယာနက်မြို့မှာ ကျောင်းသားသောင်းနဲ့ချီရှိနေတာဖြစ်ပြီး လေထုအရည်အသွေးဆိုးရွားနေသမျှကာလပတ်လုံး အိမ်မှာပဲစာသင်ကြရမယ်လို့ မြို့တော်ဝန်ကပြောပါတယ်။ ဒါပေမဲ့ ပိတ်ထားရတဲ့ ကျောင်းအရေအတွက် အတိအကျကိုတော့ သူကပြောထားခြင်းမရှိပါဘူး။

"အထူးသဖြင့် ညဘက်နဲ့နံနက်ပိုင်းတွေမှာ ပွန်တီယာနက်မြို့ပေါ် မီးခိုးငွေ့တွေ ဖုံးလွှမ်းလာတာကို စတင်ခံစားနေရပြီဖြစ်ပါတယ်" လို့ သူက ဖြည့်စွက်ပြောပါတယ်။ အဆိုပါမီးခိုးငွေ့တွေရဲ့ ရိုက်ခတ်မှုဟာ မလေးရှားနိုင်ငံသို့ပါရောက်ရှိခဲ့ပြီး မလေးရှားနိုင်ငံအရှေ့ပိုင်းဆာရာဝပ်ပြည်နယ်ရှိ စီရီးယန်းမြို့လေးမှာလည်း ဩဂုတ်လ ၁၁ ရက်က လေထုညစ်ညမ်းမှုအညွှန်းကိန်း ၁၉၀ အထိ တိုးလာတာကြောင့် ကျန်းမာရေးထိခိုက်စေနိုင်တဲ့အဆင့်ကို ရောက်ရှိခဲ့ပါတယ်။

Ref: ST



တရုတ်နိုင်ငံက ရာသီဥတုခန့်မှန်းမှုတွေမှာ AI နည်းပညာကို အရှိန်အဟုန်မြှင့် အားပြုသုံးစွဲလာ

ပေကျင်း၊ နည်းပညာ

ကမ္ဘာတစ်ဝန်းမှာ ရာသီဥတုဆိုးရွားမှုတွေ ပိုမိုပြင်းထန်လာတာနဲ့အမျှ တရုတ်နိုင်ငံဟာ ရာသီဥတုခန့်မှန်းတွက်ချက်မှုတွေမှာ AI နည်းပညာကို အရှိန်အဟုန်မြှင့် အားပြုသုံးစွဲလာပါတယ်။ လက်ရှိ တရုတ်နိုင်ငံရဲ့ မုန်တိုင်းရာသီမှာ AI ရာသီဥတုခန့်မှန်းရေးစနစ်တွေကို အင်တိုက်အားတိုက်စမ်းသပ်လျက်ရှိပါတယ်။

တရုတ်က ထုတ်လုပ်ထားတဲ့ Fengwu၊ Pangu နဲ့ Fuxi အစရှိတဲ့ AI စနစ်တွေဟာ သမားရိုးကျဖြစ်တဲ့ ရူပါကွန်ပျူတာနည်းပညာတွေထက် ပိုမိုမြန်ဆန်မှုရှိပြီး တိကျမှုအပိုင်းမှာလည်း ယှဉ်ပြိုင်နိုင်စွမ်းရှိတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဒေါ်ဖင်တိုင်ဖွန်းမုန်တိုင်း တရုတ်ပြည်မကြီးကို ဝင်ရောက်မယ့်အချိန်နဲ့ နေရာကို Fengwu AI စနစ်က မုန်တိုင်းမတိုင်မီ ၅ ရက်အလိုကတည်းက တိကျမှုရှိစွာ ကြိုတင်ခန့်မှန်းပေးနိုင်ခဲ့ပါတယ်။

သမားရိုးကျအားဖြင့် အသုံးပြုလျက်ရှိတဲ့ခန့်မှန်းနည်းတွေဟာ လေထုရူပဗေဒဆိုင်ရာပုံစံတူတွက်ချက်မှုတွေကို သုံးရတာကြောင့် အချိန်ယူရပေမယ့် AI စနစ်တွေကတော့ ယခင်ရာသီဥတုအခြေအနေနဲ့သက်ဆိုင်တဲ့ အချက်အလက်အမြောက်အမြားကို လေ့လာမှတ်သားထားတာမို့ အချိန်တိုအတွင်း ခန့်မှန်းချက်ထုတ်ပေးနိုင်တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မုန်တိုင်းရဲ့ သက်ရောက်မှုပြင်းအားကိုခန့်မှန်းတဲ့နေရာမှာတော့ AI စနစ်တွေဟာ သမားရိုးကျနည်းလမ်းတွေကို မီဖို့လိုအပ်နေပါတယ်။ ဒါ့အပြင် ရေရှည်ရာသီဥတုအပြောင်းအလဲတွေကို ခန့်မှန်းရာမှာလည်း ပြည်သူတွေ သံသယကင်းရှင်းစေဖို့ အချိန်ယူစမ်းသပ်ရဦးမှာပါ။

ဒါကြောင့်မို့လို့ လက်ရှိမှာ AI စနစ်တွေကို သမားရိုးကျနည်းလမ်းနေရာမှာ အပြည့်အဝ အစားထိုးတာမျိုးမဟုတ်ဘဲနည်းလမ်းနှစ်ခုလုံးကို ပေါင်းစပ်အသုံးပြုနေကြတာပါ။ လတ်တလောမှာတော့ တရုတ်နိုင်ငံဟာ Google ရဲ့ GraphCast နဲ့ Nvidia တို့လို ကမ္ဘာ့နည်းပညာ အင်အားကြီးတွေနဲ့ အတူ AI ရာသီဥတု ခန့်မှန်းရေးကဏ္ဍမှာ ထိပ်တန်းမှဦးဆောင်နေပြီဖြစ်ပါတယ်။

Ref: ST

ထရမ့်၏ ပြောဆိုမှုများတင်းမာနေသော်လည်း အီရန်နှင့်အမေရိကန်သဘောတူညီချက်ရရန်နီးစပ်

အစ္စလာမ်မာဘတ်၊ နိုင်ငံရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အီရန်အပေါ်ပြောဆိုမှုများက တင်းမာနေသော်လည်း ဟော်မုရေလက်ကြားနဲ့ပတ်သက်တဲ့ကိစ္စရပ်တွေမှာ အီရန်နဲ့အမေရိကန်တို့ကြား သဘောတူညီချက်တစ်ရပ်ရရှိရန် နီးစပ်နေပြီလို့ ပါကစ္စတန် ကာကွယ်ရေးဝန်ကြီး ခါဝါဂျာအာဆစ်က ပြောပါတယ်။

"ငြိမ်းချမ်းရေးအတွက် အလားအလာကောင်းမွန်တဲ့အခြေအနေတွေ ဖြစ်လာနေပြီ" ဆိုပြီး ကာကွယ်ရေးဝန်ကြီးက သတင်းထောက်များကို ပြောထားခဲ့ပေမယ့်လည်း အသေးစိတ်ကတော့ ထုတ်ဖော်ပြောထားခြင်းမရှိပါဘူး။ ပါကစ္စတန်နိုင်ငံဟာ ကာတာနိုင်ငံနဲ့အတူ အီရန်ပဋိပက္ခမှာ ကြားဝင်စေ့စပ်ညှိနှိုင်းပေးနေတဲ့နိုင်ငံဖြစ်ပါတယ်။

ထရမ့်က အီရန်အပေါ်တိုက်ခိုက်မှုများအတွက် အီရန်ဘက်မှ စစ်လျော်ကြေးပေးရမယ်ဆိုပြီး တောင်းဆိုထားတာပါ။ အပြန်အလှန်အနေနဲ့ အီရန်နိုင်ငံကလည်း အမေရိကန်ရဲ့ ရေတပ်ပိတ်ဆို့ထားမှုကို ရုပ်သိမ်းပေးရန်၊ ထိန်းသိမ်းခံထားရတဲ့ပိုင်ဆိုင်မှုများကို ပြန်ထုတ်ပေးရန်နဲ့ စစ်လျော်ကြေးများပေးအပ်ရန် တောင်းဆိုထားတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဟော်မုရေလက်ကြားကနေ သင်္ဘောများပြန်လည်ဖြတ်သန်းခွင့်ပြုရေးအတွက် အိုမန်နိုင်ငံနဲ့ အီရန်နိုင်ငံတို့ကြား ဆွေးနွေးညှိနှိုင်းပေးမှုများမှာ နောက်ဆုံးအဆင့်သို့ရောက်ရှိနေပြီလို့ သိရပါတယ်။

Ref: ST



ကိုလံဘီယာလျင်လှုပ်မှု သေဆုံးသူ ၂၂၄ ဦးရှိ ကယ်ဆယ်ရေးဆက်လက်ဆောင်ရွက်နေ

ဘိုဂိုတာ၊ သဘာဝဘေး

ကိုလံဘီယာနိုင်ငံ အနောက်ဘက်ပိုင်းဒေသများမှာလှုပ်ခတ်တဲ့ ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်ကြောင့် ဩဂုတ်လ ၁၁ ရက်အထိသေဆုံးသူဦးရေမှာ အနည်းဆုံး ၂၂၄ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။ အလားတူ ပျက်စီးသွားတဲ့အဆောက်အအုံများနဲ့ အိမ်ခြေများအောက်မှာ ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

အခုလှုပ်ခတ်တဲ့ အင်အားပြင်းငလျင်ကြောင့် ကာလီနဲ့ ပီရဲရာစတဲ့ မြို့ကြီးများရှိ အထပ်မြင့်အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ရပါတယ်။ မာနီဇာလက်မြို့ရှိသမိုင်းဝင်ဘုရားကျောင်းကြီးတစ်ခုရဲ့ မျှော်စင်ကို လည်း ပျက်စီးစေခဲ့ပါတယ်။

ကယ်ဆယ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ စစ်သည်များနဲ့ စေတနာ့ဝန်ထမ်းများကလည်း စက်ယန္တရားကြီးများအပြင် လက်ဗလာများဖြင့်ပါ အပျက်အစီးများအောက်မှာပိတ်မိနေသူများကို ညလုံးပေါက်ရှာဖွေကယ်ဆယ်ရေးလုပ်ခဲ့ကြပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်တဲ့အတွက် သေဆုံးသူဦးရေထပ်မံမြင့်တက်လာနိုင်ကြောင်း တာဝန်ရှိသူများက ခန့်မှန်းထားပါတယ်။ လက်ရှိမှာ ကိုလံဘီယာသမ္မတက နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေကြေညာပြီး ညမထွက်ရအမိန့် ကိုလည်းထုတ်ပြန်ထားပါတယ်။

Ref: AGC

သေနတ်ဝယ်ယူခွင့်လိုင်စင်များဆိုင်းငံ့ရန် ထိုင်းဝန်ကြီးချုပ်ပြော

ဘန်ကောက်၊ ပြည်တွင်းရေး

ထိုင်းဝန်ကြီးချုပ်က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လက်နက်ထိန်းချုပ်ရေးစနစ်ကို တင်းကျပ်လိုက်ပြီး သေနတ်ဝယ်ယူခွင့်လိုင်စင်ထုတ်ပေးတာတွေကို ဆိုင်းငံ့ကာ တရားမဝင်လက်နက်တွေနဲ့ မှောင်ခိုလက်နက်တွေကို အရေးပေါ်နဲ့ ရေရှည်စီမံကိန်းချမှတ်ပြီး နှိမ်နင်းဖို့ ဩဂုတ်လ ၁၁ ရက်မှာ ညွှန်ကြားလိုက်ပါတယ်။

အစိုးရအဖွဲ့ရဲ့ အစည်းအဝေးအတွင်း ဝန်ကြီးချုပ်က လက်နက်ထိန်းချုပ်ရေးစနစ်ရဲ့ဟာကွက်တွေကိုပိတ်ဆို့ဖို့နဲ့ မကိုင်ဆောင်သင့်သူတွေလက်ထဲကို သေနတ်



မရောက်စေဖို့အတွက်ဌာနဆိုင်ရာအသီးသီးပေါင်းစပ်ဆောင်ရွက်ကြဖို့ တိုက်တွန်းခဲ့တယ်လို့ အစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ရာချာဒါကပြောပါတယ်။

လက်ရှိလိုင်စင်နဲ့ သေနတ်ဝယ်ထားသူတွေအနေနဲ့ အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်ထွက်ရှိသည့်နေ့မှစပြီး ရက် ၃၀ အတွင်း သေနတ်ကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားရမှာဖြစ်ပြီး သို့မဟုတ်ပါက တရားမဝင် လက်နက်ကိုင်ဆောင်မှုအဖြစ် သတ်မှတ်ခံရမယ်လို့လည်း ဆိုပါတယ်။

ရေရှည်စီမံကိန်းအဖြစ် လက်နက်ဥပဒေပြင်ဆင်ချက်ကို ရက် ၆၀ အတွင်းရေးဆွဲမှာဖြစ်ပြီး လက်နက်ကိုင်ဆောင်ခွင့်လိုင်စင်ကို ၃ နှစ်တစ်ကြိမ် သက်တမ်းတိုးရမယ့် စနစ်နဲ့ ပြစ်ဒဏ်ကြီးလေးစွာသတ်မှတ်မယ့် စည်းကမ်းတွေကို ထည့်သွင်းသွားမှာဖြစ်တယ်လို့သိရပါတယ်။

Ref: Xinhua

ထိုင်ဝမ်ကျွန်းအရှေ့ဘက်မှာ တရုတ်နဲ့ အင်ဒိုနီးရှား ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုလုပ်မည်

ပေကျင်း၊ နိုင်ငံရေး

တရုတ်နဲ့ အင်ဒိုနီးရှားမှရေတပ်များပူးပေါင်းပြီး ထိုင်ဝမ်ကျွန်းအရှေ့ဘက်ရေပြင်မှာ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို ယခုလလယ်ပိုင်းမှာ ပြုလုပ်မယ်လို့ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနကဩဂုတ်လ ၁၁ ရက်မှာ သတင်းထုတ်ပြန်လိုက်ပါတယ်။

စစ်ရေးလေ့ကျင့်စဉ် နှစ်နိုင်ငံရေတပ်များမှ ဖရီးဂိတ်စစ်သင်္ဘောတွေကြား ဆက်သွယ်ရေးလေ့ကျင့်မှုတွေနဲ့ ပင်လယ်ပြင်မှာရိက္ခာနဲ့ လောင်စာဆီဖြည့်တင်းတဲ့ လုပ်ငန်းအပါအဝင် လေ့ကျင့်ခန်းများစွာကို ပြုလုပ်သွားမှာဖြစ်ပါတယ်။

အခုလို စစ်ရေးလေ့ကျင့်တာက နှစ်နိုင်ငံရေတပ်များကြား ပူးတွဲစစ်ဆင်ရေး လုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်ဖို့၊ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုနက်ရှိုင်းစေဖို့နဲ့



ဒေသတင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကိုထိန်းသိမ်းဖို့ ရည်ရွယ်တာဖြစ်တယ်လို့ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

တရုတ်နဲ့ အင်ဒိုနီးရှားနိုင်ငံတို့ကအရင်ကလည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလကုန်ပိုင်းမှ ဒီဇင်ဘာလဆန်းပိုင်းအထိ နှစ်နိုင်ငံမှ ကြည်း၊ ရေ၊ လေတပ်ဖွဲ့အသီးသီးပါဝင်တဲ့ ပူးတွဲလှုသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးနဲ့သဘာဝဘေးကယ်ဆယ်ရေး လေ့ကျင့်မှုတစ်ခုကို ပြုလုပ်ခဲ့ကြပါတယ်။ အခုပြုလုပ်မယ့် စစ်ရေးလေ့ကျင့်မှုကအလွန်အရေးပါကာ ထူးခြားမှုရှိတယ်လို့လေ့လာသူများကသုံးသပ်ထားပါတယ်။

Ref: Xinhua

ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအချက်အလက်များ ရှင်းလင်းဆွေးနွေး

မြစ်ကြီးနား ဩဂုတ် ၁၁

ဧရာဝတီ- မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ အင်ဂျင်နီယာနည်းပညာဆိုင်ရာတွေ့ရှိချက်များ၏ အားသာချက်များ၊ ပြည်သူလူထုတွေ့ဆုံဆွေးနွေးပွဲများအပေါ် ပြည်သူများ၏ မေးမြန်းဆွေးနွေးမှုအများဆုံးနှင့် စိုးရိမ်ပူပန်သည့်အချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့မှု၊ လျှပ်စစ်ရရှိမှုနှင့် စီးပွားရေး၊ လူမှုရေးအခွင့်အလမ်းဆိုင်ရာ တိုးတက်လာမှုအပေါ် တွေ့ရှိချက်များ၊ တရုတ်နိုင်ငံ၏နည်းပညာနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ဒေသခံကော်မတီအဖွဲ့ဝင်များ၏ ရှင်းလင်းဆွေးနွေးမှုအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကိုမေးမြန်းကြရာ ဒေသခံကော်မတီအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ဒေသခံကော်မတီအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်လွှတ်တော်ရုံး၌ကျင်းပရာတွင် ထိုသို့



ဆွေးနွေးပြောကြားခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ပြည်နယ်ဒေသခံကော်မတီအဖွဲ့ခေါင်းဆောင်နှင့် ဒေသခံကော်မတီအဖွဲ့ဝင် ပြည်နယ်သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဒေသခံကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာအချက်အလက်များ၊ မြေလျင်ကြီးများအကြောင်း၊ မြန်မာနိုင်ငံနှင့်ဘူမိဗေဒဆိုင်ရာတွေ့ရှိချက်များကိုလည်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး(Edutainment)အစီအစဉ်များ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့်အခြေခံစဉ်းစားတွေးခေါ်မှုမှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edutainment)အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်၍အသိပညာပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္မူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ အခြေခံပညာအထက်တန်း



ကျောင်း(ဧာသပြင်)နှင့် အခြေခံပညာအလယ်တန်းကျောင်း (ဧာသပြင်)၂ ၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ Shining Star (ကိုယ်ပိုင်အထက်တန်းကျောင်း)တို့တွင် မူလတန်းအဆင့်နှင့်အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၆၇၂ ဦးတို့ကို ကော်မရှင်ရုံးနှင့် ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာပါအကြောင်းအရာများကို အခြေခံ၍ အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

Badminton Asia Southeast Asia Regional Championships2026 ပြိုင်ပွဲသို့ မြန်မာ့ကြက်တောင်လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပပြီး အရှေ့တောင်အာရှဒေသတွင်းရှိ နိုင်ငံများမှ ထိပ်တန်းကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် Badminton Asia Southeast Asia Regional Championships 2026 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကြက်တောင်လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အလွတ်တန်းပြိုင်ပွဲ၊ အသက် ၁၉ နှစ်အောက်ပြိုင်ပွဲနှင့် အသက် ၁၆ နှစ်အောက်ပြိုင်ပွဲများ ထည့်သွင်းထားပြီး ပြိုင်ပွဲအမျိုးအစားတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများပါဝင်ရာ မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲအမျိုးအစားအားလုံးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် အလွတ်တန်းပြိုင်ပွဲတွင် ဖြိုးသူရိန်ကျော်၊ ဉာဏ်ရှိန်လင်း၊ အိမ့်ချစ်ဖူး၊ Lal Zuidika ၊ ဆုလတ်နှင့် လင်းလင်းထက်တို့ကလည်းကောင်း၊အသက် ၁၉ နှစ်အောက်ပြိုင်ပွဲတွင် ဟိန်းသီဟအောင်၊ ဉာဏ်ရှိန်လင်း၊ Seng Hlaing Main၊ လင်းလင်းထက်တို့ကလည်းကောင်း၊ အသက် ၁၆ နှစ်အောက် ပြိုင်ပွဲတွင် မင်းမြတ်မိုး၊ ကောင်းမြတ်ချမ်းသာ၊ သွန်းနန္ဒီဖြိုး၊ နန်းစံချမ်းသော်တို့ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

ညောင်ဦးမြို့တွင် ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၃၅၄ ဦးတို့ကို ရေဘေးရှောင်စခန်းများသို့ ကူညီပြောင်းရွှေ့ပေးလျက်ရှိ



ညောင်ဦး ဩဂုတ် ၁၁

ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး မြစ်ကမ်းဘေးနေအိမ်များနှင့် မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ် (၁) ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ် (၄)ရပ်ကွက်၊ အမှတ်(၅) ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်တို့တွင်မြစ်ရေဝင်ရောက်လျက်ရှိသည်။

ထိုသို့မြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၃၅၄ ဦးတို့ကို ရေဘေးရှောင်စခန်းများသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများက ကူညီပြောင်းရွှေ့ပေးလျက်ရှိပြီး ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် နေရာများတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်မှုအခြေအနေနှင့် ရေဘေးရှောင်စခန်းဖွင့်လှစ်ထားရှိသည့် နေရာများကို ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီယာယီဥက္ကဋ္ဌ ဦးလှိုင်ကျော်စိုးနှင့်အဖွဲ့က ယနေ့သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

➪ ကျောဖုံးမှအဆက်

အကြမ်းဖက်ဖြစ်စဉ်များကြောင့် 400 Volt လျှပ်စစ်ဓာတ်အားလိုင်း ၇ မိုင်ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

မဟာဓာတ်အားလိုင်းနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံတို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးချိန်တွင် အဆင်သင့်ဖြစ်စေရေးအတွက် လျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်း ပြင်ဆင်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖလမ်းခရိုင်ရုံးအဆောက်အအုံ ပြုပြင်တည်ဆောက်နေမှု၊ သစ်တောဦးစီးဌာန ခရိုင်ဝန်ထမ်းအိမ်ရာ အမိုးများပြုပြင်လဲလှယ်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးအဆောက်အအုံပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ တီးတိန်မြို့နှင့်တွန်းဇီမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တီးတိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအစည်းအဝေးခန်းမ၌ တီးတိန်မြို့နယ် ထန်ခွဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပြန်လည်ပြုပြင်ရန် နိုင်ငံတော်က ထောက်ပံ့သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးရွာကျောင်းအကျိုးတော်ဆောင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အလားတူ တွန်းဇီမြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် မြို့နယ်လမ်းဦးစီးဌာန ဧည့်ရိပ်သာ၊ လူငယ်သင်တန်းကျောင်းရုံးခန်းနှင့် အခြေခံပညာအထက်တန်းကျောင်း(တွန်းဇီ)ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလားတိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

မြစ်ကြီးနား၊ သြဂုတ် ၁၁

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလားတိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို သြဂုတ်လ ၁၀ ရက်က မြစ်ကြီးနားပြည်နယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ဂျိန်ဖော့အသင်းနှင့် တိုင်းလေအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျိန်ဖော့အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ဗိုလ်စွဲခဲ့သည်။



ထို့နောက်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပေးကြသော ဒိုင်အဖွဲ့နှင့်အဖွဲ့အစည်းများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ချီးမြှင့်ငွေများပေးအပ်ပြီး ဆုရရှိသည့်အသင်းများကို တစ်ဦးချင်းလည်ဆွဲဆုတံဆိပ်များ ဂုဏ်ပြုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်သည်။

အဆိုပါကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလားတိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ကချင်၊ ရှမ်း၊ ဗမာ၊ ရခိုင်၊ ချင်း၊ ကရင်၊ နာဂ စသည့် တိုင်းရင်းသားမျိုးနွယ်စုများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ကော့ကရိတ် သြဂုတ် ၁၁

ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၁၄ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ကော့ကရိတ်မြို့ အမှတ်(၃) ရပ်ကွက် မြို့မအားကစားဘောလုံးကွင်း၌ သြဂုတ်လ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို သြဂုတ်လ ၅ ရက်မှစ၍ ဇုန်ခုနစ်ဇုန်တို့ဖြင့် အုပ်စုပတ်လည် ယှဉ်ပြိုင်လာကြပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်အား ယနေ့နံနက်ပိုင်းတွင် ကမ်းနီဇုန်နှင့် နဘူးဇုန်တို့ ယှဉ်ပြိုင်ကစားကြရာ ၁ ဂိုးစီ သရေကျခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာမှ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် နဘူးဇုန်မှ ၅ ဂိုး ၄ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ပထမဆုရရှိသည့် နဘူးဇုန်အသင်းအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာကလည်းကောင်း၊ ဆုရရှိသောအသင်းများကို တာဝန်ရှိသူများက အသီးသီး ဆုချီးမြှင့်ပေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်နီနီအောင်၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြကြောင်းနှင့် အားကစားကို ချစ်မြတ်နိုးသော အားကစားဝါသနာရှင်ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(၄၀၆)

■ ထိုင်းဘုရင့်ဖလားမှ

ယနေ့ကျင်းပသည့် ဆုချီးမြှင့်ပွဲတွင် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအဖွဲ့သည် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင်ရရှိသည့် ရွှေတံဆိပ်ဆုနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင်ရရှိသည့် ငွေတံဆိပ်ဆုတို့ကို လက်ခံရယူခြင်းဖြစ်ပြီး အမျိုးသားကွင်းသွင်းခြင်းခတ်ပြိုင်ပွဲမှရရှိသည့် ငွေတံဆိပ်တစ်ခုနှင့် အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲမှရရှိသည့် ငွေတံဆိပ်တစ်ခုတို့အား သြဂုတ်လ ၄ ရက်က ရရှိခဲ့ပြီးလည်းဖြစ်သည်။

အဆိုပါ ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင်မြန်မာ့လက်ရွေးစင်အမျိုးသားပိုက်ကျော်ခြင်းအသင်းသည်သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ(Men Team Regu Event)၊လေးယောက်တွဲပြိုင်ပွဲ(Men Quadrant Event)နှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ (Men Hoop Event)တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည်လည်း နှစ်ယောက်တွဲပြိုင်ပွဲ(Women Double Event)၊ လေးယောက်တွဲပြိုင်ပွဲ(Women Quadrant Event)နှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ (Women Hoop Event)များ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအဖွဲ့သည် ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အ မျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်၊ အမျိုးသားကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ငွေတံဆိပ်၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ် နှင့်အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ငွေတံဆိပ်၊ စုစုပေါင်းဆုတံဆိပ်လေးခုဆွတ်ခူးရရှိခဲ့ပြီး အမျိုးသားသုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲများတွင် ဆုတံဆိပ်နှင့်လွဲချော်ခဲ့ရသည်။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်သည် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကို နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ၂၀၂၅ ခုနှစ်ကပြုလုပ်သည့် (၃၈)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲလေးမျိုးမှ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်းဆုတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

မြန်မာအသင်းပါဝင်ယှဉ်ပြိုင်မည့် U12 Junior Soccer World Challenge 2026 ပြိုင်ပွဲအကြောင်း တစေ့တစောင်း . . .

ကျပန်နိုင်ငံ၌ ၂၀၂၆ ခုနှစ် သြဂုတ်လ ၂၁ ရက်မှ ၂၄ ရက်ထိကျင်းပမည့် U12 Junior Soccer World Challenge ပြိုင်ပွဲသည် ဘာစီလိုနာလူငယ်အသင်းအပါအဝင် ကမ္ဘာတစ်ဝန်းရှိ လူငယ်ဘောလုံးအသင်းများ၊ ကျပန်ထိပ်တန်းလူငယ်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံတကာလူငယ်ဘောလုံးပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး မြန်မာ ယူ-၁၂ အသင်းသည် စတုတ္ထအကြိမ်မြောက်အဖြစ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာယူ-၁၂ အသင်းသည် Group(I)တွင်ကျရောက်ပြီး အိမ်ရှင်ကျပန်အသင်းများဖြစ်သည့် Urawa Red Diamonds Junior အသင်း၊ FC LIBERTA Fukuoka U-12 အသင်း၊ Shonan Bellmare Academy (Japan)အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

U12 Junior Soccer World Challenge ပြိုင်ပွဲကို Chiba Prefecture Football Association နှင့် U12 Junior Soccer World Challenge 2026 Executive Committee တို့က စီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ၁၁ ယောက်စီပါဝင်ကစားသည့် (11-a-side) စနစ်ဖြင့် ကျင်းပမည်ဖြစ်ကာ Size 4 ဘောလုံးကို အသုံးပြုသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အသင်းပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်၍ Group A မှ Group J အထိ အုပ်စု(၁၀)စုခွဲကာ တစ်အုပ်စုလျှင် အသင်းလေးသင်းစီ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စုအတွင်း Round Robin စနစ်ဖြင့် တစ်သင်းနှင့်တစ်သင်း တစ်ကြိမ်စီတွေ့ဆုံကစားရမည်လည်းဖြစ်သည်။

အုပ်စုဗိုလ်အသင်းများသည် နောက်တစ်ဆင့်ဖြစ်သည့် ၁၆ သင်းရှုံးထွက်အဆင့် Round of 16 သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သော်လည်း အုပ်စုဒုတိယရရှိသည့် အသင်း ၁၀ သင်းနှင့် အကောင်းဆုံး အုပ်စုတတိယရရှိသည့် အသင်းနှစ်သင်းတို့သည် Play-off Round ကစားရမည်ဖြစ်ကာ အနိုင်ရအသင်းခြောက်သင်းမှာ ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်မည်ဖြစ်သည်။ ထို့နောက်တွင် ကွာတား၊ ဆီမီးနှင့် ဖိုင်နယ်ပွဲစဉ်များအထိ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

၎င်းဘောလုံးပြိုင်ပွဲ၏ အုပ်စုအဆင့်ပွဲစဉ်များကို တစ်ပိုင်းလျှင် ၁၅ မိနစ်၊ နားချိန် ၅ မိနစ် စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ၁၆ သင်း ရှုံးထွက်အဆင့်နှင့် ကွာတားပွဲစဉ်များတွင် တစ်ပိုင်းလျှင် မိနစ် ၂၀၊ နားချိန် ၅ မိနစ်စနစ်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များကို တစ်ပိုင်းလျှင် ၂၅ မိနစ်၊ နားချိန် ၁၀ မိနစ် စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ရှုံးထွက်အဆင့်များတွင် ပွဲပြီးချိန် သရေကျပါက ကစားသမားသုံးဦးစီဖြင့် ပယ်နယ်တီအဆုံးအဖြတ်ပြုလုပ်မည်ဖြစ်သည်။



အမှတ်ပေးစနစ်တွင် အုပ်စုအဆင့်၌ အနိုင်ရရှိပါက ၃ မှတ်၊ သရေကျပါက ၁ မှတ်၊ သတ်မှတ်ထားသော်လည်း ထူးခြားသည့် စည်းမျဉ်းတစ် ချက် အနေဖြင့် ဂိုးမရှိသရေပွဲအတွက် အမှတ်ရမည်မဟုတ်သည့်အတွက် ပြိုင်ပွဲဝင်အသင်းများသည် အနိုင်ရရန်သာမက ဂိုးသွင်းယူနိုင်ရေးကိုလည်း ပိုမိုအလေးထား ကစားရမည်ဖြစ်သည်။

အုပ်စုအဆင့်တွင်လူစားလဲခြင်းကို တစ်ပွဲလျှင်သုံးကြိမ်အထိပြုလုပ်နိုင်ပြီး တစ်ကြိမ်လျှင်ကစားသမားအများအပြားကို တစ်ပြိုင်နက်လဲလှယ်နိုင်သည်။ ထို့ပြင် လူစားလဲထွက်ပြီးသော ကစားသမားများကိုပါပြန်လည်အသုံးပြုခွင့်လည်းပေးထားသည်။ ရှုံးထွက်အဆင့်တွင်မူ လူစားလဲခွင့်ကို နှစ်ကြိမ်သာ ကန့်သတ်ထားသည်။ ပြိုင်ပွဲတွင် အနီကတ်ပြသခံရသော ကစားသမားသည် နောက်တစ်ပွဲ ယှဉ်ပြိုင်ခွင့် ဆုံးရှုံးမည်ဖြစ်ပြီး အုပ်စုအဆင့်တွင် အဝါကတ်နှစ်ကြိမ်ရရှိပါက တစ်ပွဲပယ်ခံရမည်ဖြစ်သော်လည်း၊ အုပ်စုအဆင့်မှအဝါကတ်မှတ်တမ်းများကို ရှုံးထွက်အဆင့်သို့ သယ်ဆောင်မည်မဟုတ်ပေ။

ပြိုင်ပွဲတွင်ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆု Daiwa House MVP Award၊ ပရိသတ်များနှင့်ပြိုင်ပွဲတာဝန်ရှိသူများမှရွေးချယ်သည့်ကစားသမားဆု VITAS MIP Award၊ အကောင်းဆုံး တိုက်စစ်မှူးဆု Blue Lock Award အပါအဝင် ချန်ပီယံ၊ ဒုတိယနှင့် တတိယအသင်းများကိုလည်း ဆုချီးမြှင့်သွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသည် နိုင်ငံတကာအတွေ့အကြုံများ ရရှိစေရန်နှင့် အနာဂတ်မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။

ဝန်းရံခ



အမရပူရမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

မန္တလေး ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျေးရွာပေါင်း ၁၄ ရွာတွင် ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်မှုကြောင့် အဆိုပါကျေးရွာများမှ အိမ်ထောင်စုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ရေလွတ်ရာနေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အမရပူရမြို့နယ်အတွင်းရှိ တောင်ကိုင်းကျေးရွာအုပ်စု၊ ကင်းဘက်ကျေးရွာအုပ်စု၊ တလင်းကြီးကျေးရွာအုပ်စု၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ဆေးအိုးဘိုကျေးရွာအုပ်စု၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ ဘုန်းတော်ခိုင်ကျေးရွာအုပ်စု၊ ဖရဲကျွန်းကျေးရွာအုပ်စု၊ ရွှေကြက်ယက်ကျေးရွာအုပ်စုတို့မှ ကျေးရွာပေါင်း ၁၄ ရွာအတွင်း မြစ်ရေဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၅၆၂ အိမ်ထောင်စု ၅၇၄ စု၊ လူဦးရေ ၁၉၈၇ ဦး ရေဘေးသင့်ခဲ့ကာ စိုက်ပျိုးမြေ ဧရိယာစုစုပေါင်း ၄၄ ဧက ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။

ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ရေဘေးသင့်ပြည်သူများအား တောင်ကိုင်းကျေးရွာအုပ်စု မြအင်းကျေးရွာရှိ မြရိပ်စိုမွှာရုံတွင် သွားရောက်တွေ့ဆုံအားပေးပြီးရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကြသည်။

ထို့ပြင် မြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာအုပ်စုများအတွင်း ပြန်လည်ကျဆင်းနေမှုအခြေအနေ၊ ရန်ကုန်-မန္တလေး ကားလမ်းရှိမြစ်ငယ်တံတားကြီးခိုင်မှုအခြေအနေကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်



ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတာဝန်ရှိသူများ၊ အင်းစိန်မြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက်(Home visit) မှုခင်းအသိပညာပေးခြင်းနှင့် ဗဟန်းမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များက ပြည်သူများ လူကူးမျဉ်းကျားမှလမ်းဖြတ်ကူးနိုင်စေရေး အသိပညာပေးဆောင်ရွက်ကြသည်။

ယမန်နေ့ည၁ိုင်းကလည်း အလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးနှင့် ဌာနဆိုင်ရာများ၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မစခန်းမှူး ဒုတိယရဲမှူးနှင့်အဖွဲ့ဝင်များ၊ သာကေတမြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်နှင့် တပ်ဖွဲ့ဝင်များသည် KTV ဆိုင်များအား စစ်ဆေးခြင်း၊ ဧည့်စာရင်းစစ်ခြင်းနှင့် ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်သူ**

ထေးဌားလျားကန် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



လွိုင်ကော် ဩဂုတ် ၁၁

ကယားပြည်နယ်လွိုင်ကော်မြို့ရှိထေးဌားလျားကန်နှင့် ကန်ပေါင်တစ်လျှောက် မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်း၊ ပန်းအလှပင်များ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအပါအဝင် ကန်သန့်ရှင်း သာယာလှပရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်နယ်သစ်တောဦးစီးဌာနရုံး၌ ခြံစည်းရိုးအုတ်တံတိုင်း ပေ ၄၂၀ ကာရံနေမှုနှင့် ပေ ၈၀ x ၃၆ ပေ RC တစ်ထပ်အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအရည်အသွေးပြည့်မီစွာ အမြန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ ရုံးသုံးပရိဘောဂများ ဖြည့်တင်းနိုင်ရေးနှင့် ရုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စနစ်တကျပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီးအတွင်း အိမ်ရာစီမံကိန်းများနှင့် တက္ကသိုလ်များတွင် အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁၁

